| ၂၄၉၇၆။ | ၇၃၉၀၃၀ | တပ်ကြပ်ကြီး | အောင်ဇော် |
| ၂၄၉၇၇။ | ၇၃၉၀၃၅ | တပ်ကြပ်ကြီး | ခင်မောင်ရှင်း |
| ၂၄၉၇၈။ | ၇၃၉၁၂၀ | တပ်ကြပ်ကြီး | ခင်မောင်လတ် |
| ၂၄၉၇၉။ | ၇၃၉၁၆၂ | တပ်ကြပ်ကြီး | ဇော်လွင် |
| ၂၄၉၈၀။ | ၇၃၉၁၇၃ | တပ်ကြပ်ကြီး | ထွန်းဝင်း |
| ၂၄၉၈၁။ | ၇၃၉၂၁၉ | တပ်ကြပ်ကြီး | ကျော်စိုးဝင်း |
| ၂၄၉၈၂။ | ၇၃၉၂၅၅ | တပ်ကြပ်ကြီး | လှတင့် |
| ၂၄၉၈၃။ | ၇၃၉၂၉၀ | တပ်ကြပ်ကြီး | ကျော်ကျော်စိုး |
| ၂၄၉၈၄။ | ၇၃၉၃၁၄ | တပ်ကြပ်ကြီး | မောင်ထွန်း |
| ၂၄၉၈၅။ | ၇၃၉၃၁၆ | တပ်ကြပ်ကြီး | လှစိုး |
| ၂၄၉၈၆။ | ၇၃၉၃၁၇ | တပ်ကြပ်ကြီး | မောင်လွင် |
| ၂၄၉၈၇။ | ၇၃၉၃၄၀ | တပ်ကြပ်ကြီး | မူနား |
| ၂၄၉၈၈။ | ၇၃၉၃၄၄ | တပ်ကြပ်ကြီး | သိန်းတန် |
| ၂၄၉၈၉။ | ၇၃၉၃၅၁ | တပ်ကြပ်ကြီး | စောဇူဇယ် |
| ၂၄၉၉၀။ | ၇၃၉၃၉၈ | တပ်ကြပ်ကြီး | မြတ်သိန်း |
| ၂၄၉၉၁။ | ၇၃၉၄၁၀ | တပ်ကြပ်ကြီး | တင်ဝင်း |
| ၂၄၉၉၂။ | ၇၃၉၄၁၉ | တပ်ကြပ်ကြီး | အောင်နေဝင်း |
| ၂၄၉၉၃။ | ၇၃၉၄၄၇ | တပ်ကြပ်ကြီး | ဟန်ထွန်း |
| ၂၄၉၉၄။ | ၇၃၉၄၄၉ | တပ်ကြပ်ကြီး | ကျော်လင်း |
| ၂၄၉၉၅။ | ၇၃၉၄၅၉ | တပ်ကြပ်ကြီး | သိန်းအောင် |
| ၂၄၉၉၆။ | ၇၃၉၅၁၁ | တပ်ကြပ်ကြီး | မျိုးမျိုး |
| ၂၄၉၉၇။ | ၇၃၉၅၁၇ | တပ်ကြပ်ကြီး | စံလှ |
| ၂၄၉၉၈။ | ၇၃၉၅၂၁ | တပ်ကြပ်ကြီး | ညီဌေး |
| ၂၄၉၉၉။ | ၇၃၉၅၈၀ | တပ်ကြပ်ကြီး | အောင်ကျော်မိုး |
| ၂၅၀၀၀။ | ၇၃၉၆၂၁ | တပ်ကြပ်ကြီး | သန်းဝင်း |
| ၂၅၀၀၁။ | ၇၃၉၆၂၅ | တပ်ကြပ်ကြီး | လူအေး |
| ၂၅၀၀၂။ | ၇၃၉၆၉၇ | တပ်ကြပ်ကြီး | ကီးထန်း |
| ၂၅၀၀၃။ | ၇၃၉၇၆၈ | တပ်ကြပ်ကြီး | စန်းဝင်းနိုင် |
| ၂၅၀၀၄။ | ၇၃၉၇၇၉ | တပ်ကြပ်ကြီး | သောင်းဌေး |
| ၂၅၀၀၅။ | ၇၃၉၈၀၃ | တပ်ကြပ်ကြီး | သန်းလွင်စိုး |
| ၂၅၀၀၆။ | ၇၃၉၈၀၈ | တပ်ကြပ်ကြီး | ကိုကိုဝင်း |
| ၂၅၀၀၇။ | ၇၃၉၈၁၅ | တပ်ကြပ်ကြီး | နန်းဝင်း |
| ၂၅၀၀၈။ | ၇၃၉၈၂၁ | တပ်ကြပ်ကြီး | ခင်မောင်အေး |
| ၂၅၀၀၉။ | ၇၃၉၈၄၁ | တပ်ကြပ်ကြီး | ချစ်မြိုင် |
| ၂၅၀၁၀။ | ၇၃၉၈၉၈ | တပ်ကြပ်ကြီး | ဇော်ထွန်းဦး |
| ၂၅၀၁၁။ | ၇၃၉၉၂၃ | တပ်ကြပ်ကြီး | သက်တင် |
| ၂၅၀၁၂။ | ၇၃၉၉၂၄ | တပ်ကြပ်ကြီး | တင်ဝင်း |
| ၂၅၀၁၃။ | ၇၃၉၉၅၆ | တပ်ကြပ်ကြီး | ဝင်းမောင်မောင် |
| ၂၅၀၁၄။ | ၇၃၉၉၈၇ | တပ်ကြပ်ကြီး | ဆန်းထွန်းဦး |
| ၂၅၀၁၅။ | ၇၃၉၉၉၃ | တပ်ကြပ်ကြီး | စောနိုင် |
| ၂၅၀၁၆။ | ၇၄၀၀၇၅ | တပ်ကြပ်ကြီး | ကျော်ကျော်မင်း |
| ၂၅၀၁၇။ | ၇၄၀၂၀၃ | တပ်ကြပ်ကြီး | သောင်းညွန့် |
| ၂၅၀၁၈။ | ၇၄၀၃၂၃ | တပ်ကြပ်ကြီး | ကြည်မင်းနိုင် |
| ၂၅၀၁၉။ | ၇၄၀၃၆၃ | တပ်ကြပ်ကြီး | စိန်ဌေး |
| ၂၅၀၂၀။ | ၇၄၀၄၄၄ | တပ်ကြပ်ကြီး | သန့်စင် |
| ၂၅၀၂၁။ | ၇၄၀၄၈၂ | တပ်ကြပ်ကြီး | ဝင်းဦး |
| ၂၅၀၂၂။ | ၇၄၀၅၃၃ | တပ်ကြပ်ကြီး | မောင်မြင့် |
| ၂၅၀၂၃။ | ၇၄၀၅၃၈ | တပ်ကြပ်ကြီး | ဝင်းနောင် |
| ၂၅၀၂၄။ | ၇၄၀၅၉၁ | တပ်ကြပ်ကြီး | ကျော်ကျော်ဦး |
| ၂၅၀၂၅။ | ၇၄၀၅၉၅ | တပ်ကြပ်ကြီး | စန်းငွေ |
| ၂၅၀၂၆။ | ၇၄၀၆၂၃ | တပ်ကြပ်ကြီး | ကျော်ဟိန်း |
| ၂၅၀၂၇။ | ၇၄၀၆၄၆ | တပ်ကြပ်ကြီး | သောင်းလွင် |
| ၂၅၀၂၈။ | ၇၄၀၆၅၂ | တပ်ကြပ်ကြီး | သန်းရွှေ |
| ၂၅၀၂၉။ | ၇၄၀၆၆၇ | တပ်ကြပ်ကြီး | အောင်မြင့် |
| ၂၅၀၃၀။ | ၇၄၀၇၀၃ | တပ်ကြပ်ကြီး | မိုးမြင့်အောင် |
| ၂၅၀၃၁။ | ၇၄၀၇၃၁ | တပ်ကြပ်ကြီး | လှနိုင် |
| ၂၅၀၃၂။ | ၇၄၀၇၃၆ | တပ်ကြပ်ကြီး | သန်းဇော်ဦး |
| ၂၅၀၃၃။ | ၇၄၀၇၅၃ | တပ်ကြပ်ကြီး | သော်ဇင် |
| ၂၅၀၃၄။ | ၇၄၀၇၇၉ | တပ်ကြပ်ကြီး | သိန်းစိုး |
| ၂၅၀၃၅။ | ၇၄၀၇၉၆ | တပ်ကြပ်ကြီး | ထွန်းကျော် |
| ၂၅၀၃၆။ | ၇၄၀၈၀၂ | တပ်ကြပ်ကြီး | မြင့်လွင် |
| ၂၅၀၃၇။ | ၇၄၀၈၀၉ | တပ်ကြပ်ကြီး | သန်းခင် |
| ၂၅၀၃၈။ | ၇၄၀၈၃၅ | တပ်ကြပ်ကြီး | ထွန်းလှိုင် |
| ၂၅၀၃၉။ | ၇၄၀၈၅၉ | တပ်ကြပ်ကြီး | သန်းရွှေ |
| ၂၅၀၄၀။ | ၇၄၀၈၆၄ | တပ်ကြပ်ကြီး | သိန်းစိုး |
| ၂၅၀၄၁။ | ၇၄၀၈၇၈ | တပ်ကြပ်ကြီး | ရဲဝင်း |
| ၂၅၀၄၂။ | ၇၄၀၈၉၁ | တပ်ကြပ်ကြီး | သိန်းဌေး |
| ၂၅၀၄၃။ | ၇၄၀၉၀၇ | တပ်ကြပ်ကြီး | ကျော်ဆန်းမိုး |
| ၂၅၀၄၄။ | ၇၄၀၉၃၁ | တပ်ကြပ်ကြီး | ညွန့်ဝင်း |
| ၂၅၀၄၅။ | ၇၄၀၉၇၁ | တပ်ကြပ်ကြီး | အောင်မျိုးဦး |
| ၂၅၀၄၆။ | ၇၄၁၀၁၉ | တပ်ကြပ်ကြီး | ဌေးအောင် |
| ၂၅၀၄၇။ | ၇၄၁၀၂၇ | တပ်ကြပ်ကြီး | လှဦး |
| ၂၅၀၄၈။ | ၇၄၁၀၆၄ | တပ်ကြပ်ကြီး | စန်းဝင်း |
| ၂၅၀၄၉။ | ၇၄၁၀၉၂ | တပ်ကြပ်ကြီး | သန်းမြင့်အောင် |
| ၂၅၀၅၀။ | ၇၄၁၁၂၃ | တပ်ကြပ်ကြီး | ဆန်းဦးဝင်း |
| ၂၅၀၅၁။ | ၇၄၁၁၄၈ | တပ်ကြပ်ကြီး | မြင့်ရွှေ |
| ၂၅၀၅၂။ | ၇၄၁၁၆၆ | တပ်ကြပ်ကြီး | တင့်ရွှေ |
| ၂၅၀၅၃။ | ၇၄၁၂၀၇ | တပ်ကြပ်ကြီး | သောင်းညဏ် |
| ၂၅၀၅၄။ | ၇၄၁၂၂၁ | တပ်ကြပ်ကြီး | စိုးညွန့် |
| ၂၅၀၅၅။ | ၇၄၁၂၂၆ | တပ်ကြပ်ကြီး | စိန်လွင် |
| ၂၅၀၅၆။ | ၇၄၁၂၄၀ | တပ်ကြပ်ကြီး | ဝင်းနိုင် |
| ၂၅၀၅၇။ | ၇၄၁၂၇၈ | တပ်ကြပ်ကြီး | သန်းအောင် |
| ၂၅၀၅၈။ | ၇၄၁၂၈၁ | တပ်ကြပ်ကြီး | အေဂျီဟန်စိုး |
| ၂၅၀၅၉။ | ၇၄၁၂၈၃ | တပ်ကြပ်ကြီး | အောင်မြင့်စိန် |
| ၂၅၀၆၀။ | ၇၄၁၃၀၁ | တပ်ကြပ်ကြီး | ခိုင်ဦး |
| ၂၅၀၆၁။ | ၇၄၁၃၄၇ | တပ်ကြပ်ကြီး | ဝင်းညွန့် |
| ၂၅၀၆၂။ | ၇၄၁၃၇၆ | တပ်ကြပ်ကြီး | မောင်မောင်တူး |
| ၂၅၀၆၃။ | ၇၄၁၃၈၅ | တပ်ကြပ်ကြီး | ညွန့်သင်း |
| ၂၅၀၆၄။ | ၇၄၁၃၈၉ | တပ်ကြပ်ကြီး | ရဲနိုင် |
| ၂၅၀၆၅။ | ၇၄၁၄၁၀ | တပ်ကြပ်ကြီး | ထွန်းဝင်း |
| ၂၅၀၆၆။ | ၇၄၁၄၂၃ | တပ်ကြပ်ကြီး | အောင်စိုးလှိုင် |
| ၂၅၀၆၇။ | ၇၄၁၄၃၉ | တပ်ကြပ်ကြီး | မင်းထွန်းလင်း |
| ၂၅၀၆၈။ | ၇၄၁၄၇၂ | တပ်ကြပ်ကြီး | ဒီးဇီ |
| ၂၅၀၆၉။ | ၇၄၁၄၈၀ | တပ်ကြပ်ကြီး | ကြည်စိုး |
| ၂၅၀၇၀။ | ၇၄၁၅၀၀ | တပ်ကြပ်ကြီး | ခိုင်ဇော်ထွန်း |
| ၂၅၀၇၁။ | ၇၄၁၅၁၅ | တပ်ကြပ်ကြီး | တင်မောင်မိုး |
| ၂၅၀၇၂။ | ၇၄၁၅၄၁ | တပ်ကြပ်ကြီး | စန်းအောင် |
| ၂၅၀၇၃။ | ၇၄၁၅၆၃ | တပ်ကြပ်ကြီး | ခင်မောင်လှ |
| ၂၅၀၇၄။ | ၇၄၁၆၁၄ | တပ်ကြပ်ကြီး | ကျော်ကျော်ဦး |
| ၂၅၀၇၅။ | ၇၄၁၆၅၃ | တပ်ကြပ်ကြီး | သန်းထွန်းအောင် |
| ၂၅၀၇၆။ | ၇၄၁၆၆၂ | တပ်ကြပ်ကြီး | ထွန်းမောင် |
| ၂၅၀၇၇။ | ၇၄၁၆၉၇ | တပ်ကြပ်ကြီး | ထိန်ဝင်း |
| ၂၅၀၇၈။ | ၇၄၁၆၉၉ | တပ်ကြပ်ကြီး | သိန်းရုံ |
| ၂၅၀၇၉။ | ၇၄၁၇၄၆ | တပ်ကြပ်ကြီး | ကျော်လှိုင် |
| ၂၅၀၈၀။ | ၇၄၁၇၄၇ | တပ်ကြပ်ကြီး | ဟန်ညွန့် |

[ **ဆက်လက်ဖော်ပြပါမည်။** ]

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၄၁/၂၀၂၀)

၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂ ရက်)

ပြည်ထောင်စုအစိုးရအဖွဲ့သည် ၂၀၂၁ ခုနှစ်၊ ပြက္ခဒိန်နှစ်အတွင်း ကျရောက်သော အများပြည်သူတို့၏ အလုပ်ပိတ်ရက်များနှင့်စပ်လျဉ်း၍ စနေနေ့နှင့် တနင်္ဂနွေနေ့များဖြင့် တိုက်ဆိုင်နေသော အများပြည်သူ အလုပ်ပိတ်ရက်များအတွက် ခံစားခွင့်များမနစ်နာစေရန် တစ်ဆက်တည်းဖြစ်သော ရုံးဖွင့်ရက်များဖြင့် အစားထိုးဖြည့်စွက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ရုံးများ၏ ပိတ်ရက်နှင့် လွှဲပြောင်းနိုင်သည့် စာချုပ်စာတမ်းများအက်ဥပဒေပုဒ်မ ၂၅ အရ အောက်ဖော်ပြပါနေ့ရက်များမှာ အများပြည်သူတို့၏ အလုပ်ပိတ်ရက်များဖြစ်ကြောင်း ကြေညာလိုက်သည်-

| စဉ် | နေ့ | ရက် | အရေအတွက် |
|---|---|---|---|
| ၁။ | နိုင်ငံတကာနှစ်သစ်ကူးနေ့ | ၁-၁-၂၀၂၁ | ၁ ရက် |
| ၂။ | လွတ်လပ်ရေးနေ့ | ၄-၁-၂၀၂၁ | ၁ ရက် |
| ၃။ | ကရင်နှစ်သစ်ကူးနေ့ | ၁၃-၁-၂၀၂၁ | ၁ ရက် |
| ၄။ | ပြည်ထောင်စုနေ့ | ၁၂-၂-၂၀၂၁ | ၁ ရက် |
| ၅။ | တောင်သူလယ်သမားနေ့ | ၂-၃-၂၀၂၁ | ၁ ရက် |
| ၆။ | တပေါင်းလပြည့်နေ့ | ၂၆-၃-၂၀၂၁ မှ ၂၇-၃-၂၀၂၁ ထိ | ၂ ရက် |
| ၇။ | တပ်မတော်နေ့ | ၂၇-၃-၂၀၂၁ မှ ၂၉-၃-၂၀၂၁ ထိ | ၃ ရက် |
| ၈။ | မြန်မာနှစ်သစ်ကူးရုံးပိတ်ရက်များ (သင်္ကြန် အကြို၊ အကျ၊ အကြတ်၊ အတက်၊ နှစ်ဆန်းတစ်ရက်) | ၁၃-၄-၂၀၂၁ မှ ၁၉-၄-၂၀၂၁ ထိ | ၇ ရက် |
| ၉။ | ကမ္ဘာ့အလုပ်သမားနေ့ | ၃၀-၄-၂၀၂၁ မှ ၁-၅-၂၀၂၁ ထိ | ၂ ရက် |
| ၁၀။ | ကဆုန်လပြည့်နေ့ | ၂၅-၅-၂၀၂၁ | ၁ ရက် |
| ၁၁။ | အာဇာနည်နေ့ | ၁၉-၇-၂၀၂၁ | ၁ ရက် |
| ၁၂။ | ဝါဆိုလပြည့်နေ့ | ၂၃-၇-၂၀၂၁ | ၁ ရက် |
| ၁၃။ | သီတင်းကျွတ်ရုံးပိတ်ရက်များ [အဖိတ်နေ့၊ လပြည့်နေ့၊ လပြည့်ကျော် (၁) ရက်နေ့] | ၁၉-၁၀-၂၀၂၁ မှ ၂၁-၁၀-၂၀၂၁ ထိ | ၃ ရက် |
| ၁၄။ | တန်ဆောင်တိုင်ရုံးပိတ်ရက်များ (အဖိတ်နေ့၊ လပြည့်နေ့) | ၁၇-၁၁-၂၀၂၁ မှ ၁၈-၁၁-၂၀၂၁ ထိ | ၂ ရက် |
| ၁၅။ | အမျိုးသားအောင်ပွဲနေ့ | ၂၈-၁၁-၂၀၂၁ မှ ၂၉-၁၁-၂၀၂၁ ထိ | ၂ ရက် |
| ၁၆။ | ခရစ္စမတ်နေ့ | ၂၄-၁၂-၂၀၂၁ မှ ၂၅-၁၂-၂၀၂၁ ထိ | ၂ ရက် |
| ၁၇။ | နိုင်ငံတကာနှစ်သစ်ကူးအကြိုနေ့ | ၃၁-၁၂-၂၀၂၁ | ၁ ရက် |
| ၁၈။ | အီဒုလ်အဿွဟာနေ့ | X | ၁ ရက် |
| ၁၉။ | ဒီပါဝလီနေ့ | X | ၁ ရက် |

မှတ်ချက်။ (၁) အီဒုလ်အဿွဟာ (ကုရ်ဘာနီအီးဒ်) နေ့နှင့် ဒီပါဝလီနေ့များအတွက် ကျရောက်မည့်နေ့ရက်များကို သီးခြားကြေညာပါမည်။

(၂) ဘဏ်ပိတ်ရက်များကို သက်ဆိုင်ရာအဖွဲ့အစည်းက ကြေညာမည်ဖြစ်ပါသည်။

အမိန့်အရ

ဇော်သန်းသင်း

အတွင်းရေးမှူး

ပြည်ထောင်စုအစိုးရအဖွဲ့

**[ ယခင်အပတ် ပြည်ထောင်စုလွှတ်တော်ရုံး၊ အမိန့်ကြော်ငြာစာအမှတ် (၁၇/၂၀၂၀)၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေ (၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၆။) မှ အဆက် ]**

## အခန်း (၅)

## ဦးစီးဌာန၏ လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းတာဝန်များ

၁၄။ ဦးစီးဌာန၏ လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မော်တော်ယာဉ် မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းများနှင့် စည်းကမ်းချက်များသတ်မှတ်ခြင်း၊

(ခ) မော်တော်ယာဉ် စစ်ဆေးခြင်းဆိုင်ရာ လုပ်ငန်းများနှင့် စည်းကမ်းချက်များသတ်မှတ်ခြင်း၊

(ဂ) ပြည်တွင်းသို့ ဝင်ထွက်သွားလာမည့် သို့မဟုတ် ဖြတ်သန်းသွားလာမည့် ပြည်ပမှတ်ပုံတင် မော်တော်ယာဉ်ကိုသော်လည်းကောင်း၊ ပြည်ပသို့ ဝင်ထွက်သွားလာမည့် သို့မဟုတ် ဖြတ်သန်း သွားလာမည့် ပြည်တွင်းမှတ်ပုံတင် မော်တော်ယာဉ်ကိုသော်လည်းကောင်း နိုင်ငံတကာနှင့် ဒေသတွင်း နိုင်ငံများ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကုန်းလမ်းပို့ဆောင်ရေးဆိုင်ရာ သဘောတူစာချုပ် များနှင့်အညီ ဆောင်ရွက်ခြင်း၊

(ဃ) ကုန်းလမ်းပို့ဆောင်ရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းနှင့် ဒေသဆိုင်ရာသဘောတူညီချက် များအရ မြန်မာနိုင်ငံက လက်ခံကျင့်သုံးနိုင်သည့် နိုင်ငံတကာနှင့် ဒေသတွင်းနိုင်ငံများမှ ထုတ်ပေး သော ယာဉ်မောင်းလိုင်စင်ကို အသိအမှတ်ပြု မောင်းနှင်ခွင့်ပြုခြင်း၊

(င) မော်တော်ယာဉ်များ ကနဦး မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စည်းကမ်းချက်များ၊ စံချိန်စံညွှန်းများနှင့် စံသတ်မှတ်ချက်များကို သတ်မှတ်၍ ဝန်ကြီးဌာနသို့ တင်ပြခြင်းနှင့် သက်တမ်းတိုးမှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ စံချိန်စံညွှန်းများ သတ်မှတ်ခြင်း၊

(စ) မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်းနှင့်စပ်လျဉ်း၍ လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်းနှင့် သက်တမ်းတိုးခြင်းဆိုင်ရာ စည်းကမ်းချက်များသတ်မှတ်ခြင်းနှင့် စစ်ဆေးခြင်း၊

(ဆ) ဝန်ကြီးဌာနက သတ်မှတ်ထားသည့် မော်တော်ယာဉ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကျွမ်းကျင်သူ အဖွဲ့၏ မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်းများအပေါ် စစ်ဆေးခြင်း၊ စောင့်ကြည့် လေ့လာခြင်း၊ လုပ်ငန်းစွမ်းဆောင်ရည်အကဲဖြတ်ခြင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ပေးချေရမည့်ဝန်ဆောင်ခကို ပေးချေခြင်း၊

(ဇ) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်အကူလိုင်စင် လျှောက်ထားမှုကို စစ်ဆေးခြင်း၊ ထုတ်ပေးခြင်း၊ အမျိုးအစားခွဲခြားခြင်း၊ သက်တမ်းသတ်မှတ်ခြင်း၊ သက်တမ်းတိုးခြင်း၊ မောင်းနှင်ခွင့်နှင့် သုံးစွဲခွင့် ဆိုင်ရာ စည်းကမ်းချက်များ သတ်မှတ်ခြင်း၊

(ဈ) အပြည်ပြည်ဆိုင်ရာယာဉ်မောင်းနှင်ခွင့်လက်မှတ်နှင့် ယာယီယာဉ်မောင်းနှင်ခွင့်လက်မှတ်အသစ် ထုတ်ပေးခြင်းဆိုင်ရာ စည်းကမ်းချက်များသတ်မှတ်ခြင်း၊

(ည) မော်တော်ယာဉ်မောင်းသင်တန်းကျောင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်းနှင့် သက်တမ်းတိုးခြင်းဆိုင်ရာ စည်းကမ်းချက်များသတ်မှတ်ခြင်းနှင့် စစ်ဆေးခြင်း၊

(ဋ) ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့်စပ်လျဉ်း၍ စည်းကမ်းချက်များသတ်မှတ်ခြင်း၊ ပညာပေးလှုံ့ဆော်ခြင်း၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်ခြင်း၊

(ဌ) လမ်းညွှန်း၊ လမ်းအမှတ်အသားနှင့် အချက်ပြများ သတ်မှတ်ခြင်း၊

(ဍ) အများပြည်သူဆိုင်ရာလမ်းများတွင် ယာဉ်သွားလာမှုအန္တရာယ်ကင်းရှင်းရေးအတွက် လမ်းအန္တရာယ် ကင်းရှင်းရေး စိစစ်အကဲဖြတ်လုပ်ငန်းစဉ် (Road Safety Audit) များ ဆောင်ရွက်ခြင်း၊

(ပ) အများပြည်သူဆိုင်ရာနေရာတွင် ဆောင်ရွက်သည့် တည်ဆောက်မှုလုပ်ငန်းများအပေါ် ကြိုတင်ပြင်ဆင်ဆဲကာလတွင်ဖြစ်စေ၊ ဆောက်လုပ်ဆဲကာလတွင်ဖြစ်စေ၊ အသုံးပြုနေသည့်ကာလတွင်ဖြစ်စေ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် အကြံပြုချက်များနှင့် သုံးသပ်ချက်များကို သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသို့ ပေးပို့ခြင်း၊

(ဖ) ယာဉ်ကြောပိတ်ဆို့မှု မဖြစ်ပွားစေရန်နှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးဆောင်ရွက်ရာတွင် အဆင့်မြင့်နည်းပညာများ အသုံးပြုနိုင်ရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်း၊ အကြံဉာဏ်များ ရယူဆောင်ရွက်ခြင်း၊

(တ) ယာဉ်မတော်တဆမှုများနှင့်စပ်လျဉ်း၍ လေ့လာသုံးသပ်ခြင်း၊ ယာဉ်မတော်တဆမှုများ လျော့နည်းစေရန် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ထ) ယာဉ်ကြောင့်ဖြစ်ပေါ်သော ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်စပ်လျဉ်း၍ ပညာပေးလှုံ့ဆော်ခြင်း၊ သုတေသနပြုလုပ်ခြင်း၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဒ) အများပြည်သူသုံးလမ်းပေါ်တွင် သွားလာနေသည့် မော်တော်ယာဉ်များ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် အမြန်နှုန်းသတ်မှတ်ခြင်း၊

(ဓ) မော်တော်ယာဉ်၏ မှတ်ပုံတင်သက်တမ်းကာလ သတ်မှတ်ခြင်းနှင့် မော်တော်ယာဉ်သက်တမ်းတိုး မှတ်ပုံတင်ပေးခြင်း၊

(န) မော်တော်ယာဉ်မတော်တဆမှုများ ဖြစ်ပေါ်ရသည့်အကြောင်းရင်းများကို စုံစမ်းစစ်ဆေးခြင်းနှင့် အလားတူ မတော်တဆမှုများဖြစ်ပေါ်ခြင်းမရှိနိုင်စေရန် ကြိုတင်ကာကွယ်မှုများပြုလုပ်ခြင်း၊ သက်ဆိုင်ရာ အဖွဲ့အစည်းများသို့ အကြံပြုခြင်း။

## အခန်း (၆)
## မော်တော်ယာဉ်မှတ်ပုံတင်ခြင်း

၁၅။ ဦးစီးဌာနသည်-

(က) ဦးစီးဌာနရှိ အရာရှိများထဲမှ သင့်လျော်သောအရာရှိများကို ဦးစီးဌာန မှတ်ပုံတင်အရာရှိအဖြစ် ခန့်အပ်တာဝန်ပေးရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊ ခရိုင်နှင့် မြို့နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရှိ အရာရှိများထဲမှ သင့်လျော်သောအရာရှိများကို ဒေသဆိုင်ရာ မှတ်ပုံတင်အရာရှိအဖြစ် ခန့်အပ်တာဝန်ပေးရမည်။

၁၆။ ဦးစီးဌာနသည်-

(က) မော်တော်ယာဉ်ယာယီမှတ်ပုံတင်ခြင်းလုပ်ငန်းနှင့် ကနဦးမှတ်ပုံတင်ခြင်းလုပ်ငန်းလုပ်ကိုင်ရန် ဦးစီးဌာန မှတ်ပုံတင်အရာရှိများကို တာဝန်ပေးအပ်ရမည်။ သို့ရာတွင် လိုအပ်ပါက သင့်လျော်သည့် ဒေသဆိုင်ရာ မှတ်ပုံတင်အရာရှိများကိုလည်း တာဝန်ပေးအပ်နိုင်သည်။

(ခ) ပြည်ပနိုင်ငံများတွင် မှတ်ပုံတင်ထားသော မော်တော်ယာဉ်များ မြန်မာနိုင်ငံအတွင်း ခေတ္တဝင်ရောက်ခြင်းနှင့် ခေတ္တဖြတ်သန်းသွားလာခြင်းအတွက် ယာယီမှတ်ပုံတင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန် သင့်လျော်သော မှတ်ပုံတင်အရာရှိများအား တာဝန်ပေးအပ်နိုင်သည်။

(ဂ) ပြန်လည်တင်ပို့ရန် ရည်ရွယ်၍ ပြည်ပနိုင်ငံများမှ ယာယီတင်သွင်းလာသော မော်တော်ယာဉ်များကို သတ်မှတ်ကာလအတွင်း အသုံးပြုနိုင်ရေးအတွက် ယာယီမှတ်ပုံတင်ခြင်းလုပ်ငန်းများကိုဆောင်ရွက်ရန် သင့်လျော်သော မှတ်ပုံတင်အရာရှိများအား တာဝန်ပေးအပ်နိုင်သည်။

(ဃ) စည်းကမ်းချက်များသတ်မှတ်၍ သက်တမ်းတိုး မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်းသည့် အခြားလုပ်ငန်းများ ဆောင်ရွက်ရန် ဒေသဆိုင်ရာ မှတ်ပုံတင်အရာရှိများအား တာဝန်ပေးအပ်နိုင်သည်။

၁၇။ မော်တော်ယာဉ်ပိုင်ရှင်သည် မော်တော်ယာဉ်ကို သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိထံတွင် သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ရမည်။

၁၈။ မော်တော်ယာဉ်ပိုင်ရှင်သည်-

(က) မော်တော်ယာဉ်ကို အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်နိုင်ရန် ဦးစီးဌာနက သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့်အညီ ထိန်းသိမ်းပြုပြင် ထားရှိရမည်။

(ခ) အောက်ပါအခြေအနေတစ်ရပ်ရပ်နှင့်ငြိစွန်းသော မော်တော်ယာဉ်ကို မှတ်ပုံတင်ခွင့်မရှိစေရ-

(၁) စက်ချို့ယွင်းပျက်စီးနေခြင်း၊

(၂) ပုဒ်မခွဲ (က) ပါ သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့် မညီညွတ်ခြင်း၊

(၃) နည်းဥပဒေများပါ သတ်မှတ်ချက်များနှင့် မညီညွတ်ခြင်း၊

(၄) မော်တော်ယာဉ်နှင့်စပ်လျဉ်း၍ ယခင်က မှတ်ပုံတင်ခဲ့ဖူးကြောင်း ဖော်ပြရန်ပျက်ကွက်ခြင်း။

၁၉။ (က) မော်တော်ယာဉ်ပိုင်ရှင်သည် မော်တော်ယာဉ်ကို ယာယီမှတ်ပုံတင်ခြင်းဆောင်ရွက်ပေးရန် သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိထံ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားနိုင်သည်။

(ခ) သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိသည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး သတ်မှတ်ချက်များနှင့်ညီညွတ်ပါက မော်တော်ယာဉ်ကို အချိန်ကာလနှင့် နေရာအပိုင်းအခြား သတ်မှတ်၍ ယာယီမှတ်ပုံတင်ပေးနိုင်သည်။

၂၀။ သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိသည် မော်တော်ယာဉ် ကနဦးမှတ်ပုံတင်ရန် လျှောက်ထားချက်များကို စိစစ်ပြီး သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ရန်ခွင့်ပြုခြင်း၊ ပြန်လည်ပြုပြင်စေရန် ညွှန်ကြားခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

၂၁။ ဒေသဆိုင်ရာ မှတ်ပုံတင်အရာရှိသည် သက်တမ်းတိုးမှတ်ပုံတင်ခြင်းဆောင်ရွက်ရန် သို့မဟုတ် မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်းသည့် အခြားလုပ်ငန်းများဆောင်ရွက်ရန် လျှောက်ထားချက်များကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး-

(က) ခွင့်ပြုခြင်း၊ ပြန်လည်ပြုပြင်စေရန် ညွှန်ကြားခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) သီးခြားသတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အကျုံးဝင်သည့် ကိစ္စရပ်များတွင် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်ရန် ဦးစီးဌာနသို့ တင်ပြရမည်။

(ဂ) အောက်ပါ အကြောင်းကိစ္စတစ်ရပ်ရပ်ပေါ်ပေါက်ပါက မော်တော်ယာဉ်မှတ်ပုံတင်ခြင်းကို ယာယီ ရပ်ဆိုင်းခြင်း သို့မဟုတ် မှတ်ပုံတင်ဖျက်သိမ်းခြင်းပြုရန် သဘောထားမှတ်ချက်ဖြင့် ဦးစီးဌာနသို့ တင်ပြရမည်-

(၁) အများပြည်သူကို အန္တရာယ်ဖြစ်စေနိုင်သော သို့မဟုတ် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်သော ချို့ယွင်းချက်တစ်ခုခုကို မော်တော်ယာဉ်တွင် စစ်ဆေးတွေ့ရှိခြင်း၊

(၂) ကြိုတင်ခွင့်ပြုချက်မရှိဘဲ မော်တော်ယာဉ်၏ အဓိကအစိတ်အပိုင်းဖြစ်သည့် ရုပ်သဏ္ဌာန်၊ ကိုယ်ထည်၊ ဘောင်၊ ဝင်ရိုးနှင့် မောင်းနှင်တံ အထိုင်စနစ်တို့ကို ပြောင်းလဲပြင်ဆင်ခြင်း၊

(၃) အခါအားလျော်စွာ ထုတ်ပြန်ထားသော စည်းကမ်းချက်များနှင့်ကိုက်ညီမှုရှိစေရေး ထပ်မံ စိစစ်ရန် ကိစ္စရပ်များ စစ်ဆေးတွေ့ရှိခြင်း။

၂၂။ ဦးစီးဌာန မှတ်ပုံတင်အရာရှိသည်-

(က) ပုဒ်မ ၂၁၊ ပုဒ်မခွဲ (ခ) အရ တင်ပြချက်ကို စိစစ်ပြီး သီးခြားသတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အကျုံးဝင်သည့် ကိစ္စရပ်များတွင် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) ပုဒ်မ ၂၁၊ ပုဒ်မခွဲ (ဂ) အရ တင်ပြချက်ကို စိစစ်ပြီး သတ်မှတ်ထားသော စည်းကမ်းချက်များနှင့် ညီညွတ်ခြင်းမရှိကြောင်းတွေ့ရှိပါက ညွှန်ကြားရေးမှူးချုပ်၏ အတည်ပြုချက်ဖြင့် မော်တော်ယာဉ် မှတ်ပုံတင်ခြင်းကို ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် မှတ်ပုံတင်ဖျက်သိမ်းခြင်းပြုနိုင်သည်။

၂၃။ ဦးစီးဌာနသည် မော်တော်ယာဉ်ကိုယ်ထည် တည်ဆောက်မှုပုံသဏ္ဌာန်နှင့် ဝန်တင်အားပေါ်မူတည်၍ မော်တော်ယာဉ်အမျိုးအစား ခွဲခြားသတ်မှတ်ရမည်။

၂၄။ မော်တော်ယာဉ်ပိုင်ရှင်သည် စီးပွားရေးလုပ်ငန်းသုံး မော်တော်ယာဉ်ကို အငှားယာဉ်အဖြစ် မှတ်ပုံတင်ရန် သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိထံ လျှောက်ထားရမည်။

၂၅။ မော်တော်ယာဉ်ကို လွှဲပြောင်းပိုင်ဆိုင်သူ သို့မဟုတ် အမွေဆက်ခံခွင့်ရရှိသူအပါအဝင် တစ်နည်းနည်းဖြင့် မော်တော်ယာဉ်ကို တရားဝင်ပိုင်ဆိုင်ခွင့်ရရှိသူသည်လည်းကောင်း၊ ထိုသူတစ်ဦးဦးမှာ အရွယ်မရောက်သေးသူ ဖြစ်လျှင် အဆိုပါ အရွယ်မရောက်သေးသူ၏ အုပ်ထိန်းသူသည်လည်းကောင်း သတ်မှတ်သည့်နည်းလမ်းနှင့် အညီ မော်တော်ယာဉ်မှတ်ပုံတင်ထားသူ အမည်ပြောင်းလဲပေးရန် သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိထံ လျှောက်ထားရမည်။

၂၆။ မော်တော်ယာဉ်မှတ်ပုံတင်ထားသူသည် နေရပ်လိပ်စာ ပြောင်းလဲသည့်အခါတိုင်း ပြောင်းလဲသည့် နေရပ်လိပ်စာကို မှတ်တမ်းတင်ရန် သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိထံသို့ အကြောင်းကြားရမည်။

၂၇။ (က) ပုဒ်မ ၂၄ သို့မဟုတ် ပုဒ်မ ၂၉၊ ပုဒ်မခွဲ (က) ပါ ကိစ္စရပ်တစ်ခုခုနှင့်စပ်လျဉ်း၍ လွှဲအပ်ထားသည့် ယာဉ်စစ်ဆေးရေးအဖွဲ့၏ တင်ပြချက်အပေါ် သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိက ခွင့်ပြုခြင်း သို့မဟုတ် မော်တော်ယာဉ်တွင် ခွင့်ပြု၍မရနိုင်သော အစိတ်အပိုင်းနှင့် အချက်အလက်များ ပြောင်းလဲထားကြောင်း စစ်ဆေးတွေ့ရှိပါက ပြန်လည် ပြင်ဆင်စေခြင်းပြုနိုင်သည်။

(ခ) မော်တော်ယာဉ်မှတ်ပုံတင်ခြင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ယာဉ်စစ်ဆေးရန် လိုအပ်သော ကိစ္စရပ်များအတွက် လွှဲအပ်ထားသည့် ယာဉ်စစ်ဆေးရေးအဖွဲ့၏ တင်ပြချက်အပေါ် သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိက ခွင့်ပြုခြင်း၊ ငြင်းပယ်ခြင်း သို့မဟုတ် မော်တော်ယာဉ်တွင် ခွင့်ပြု၍မရနိုင်သော အစိတ်အပိုင်းနှင့် အချက်အလက်များ ပြောင်းလဲထားကြောင်း စစ်ဆေးတွေ့ရှိပါက ပြန်လည်ပြင်ဆင်စေခြင်းပြုနိုင်သည်။

၂၈။ မော်တော်ယာဉ်မှတ်ပုံတင်ထားသူသည် မော်တော်ယာဉ် မှတ်ပုံတင်သက်တမ်း မကုန်ဆုံးမီ သက်တမ်းတိုး မှတ်ပုံတင်ပေးရန် သက်ဆိုင်သည့် ဒေသဆိုင်ရာ မှတ်ပုံတင်အရာရှိထံ သတ်မှတ်ကာလအတွင်း လျှောက်ထားရမည်ဖြစ်ပြီး မှတ်ပုံတင်သက်တမ်း ကုန်ဆုံးပြီးမှ လျှောက်ထားပါက ဝန်ကြီးဌာနက ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်သည့် ဒဏ်ကြေးငွေကို ပေးဆောင်ရမည်။

၂၉။ မော်တော်ယာဉ်မှတ်ပုံတင်ထားသူသည်-

(က) မော်တော်ယာဉ်တွင် ပြောင်းလဲပြင်ဆင်ခြင်းများ ဆောင်ရွက်လိုပါက သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိထံ ကြိုတင်ခွင့်ပြုချက် လျှောက်ထားရမည်။

(ခ) မှတ်ပုံတင်အရာရှိ၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ပုဒ်မ ၃၁၊ ပုဒ်မခွဲ (ခ) ပါ ကိစ္စရပ်များမှအပ မော်တော်ယာဉ်ကို ပြောင်းလဲပြင်ဆင်ခြင်းများပြုလုပ်ပါက သတ်မှတ်ချက်များနှင့်အညီ ဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်သည့် ဒဏ်ကြေးငွေကို ပေးဆောင် ရမည်။

၃၀။ သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိသည် အောက်ပါ အကြောင်းကိစ္စတစ်ရပ်ရပ်ပေါ်ပေါက်လာပါက မော်တော်ယာဉ်မှတ်ပုံတင်ခြင်းကို ယာယီရပ်ဆိုင်းနိုင်သည်-

(က) မော်တော်ယာဉ်မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ မော်တော်ယာဉ်မှတ်ပုံတင်ထားသူကို ဆင့်ခေါ်ရာတွင် ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လာရောက်ရန် ပျက်ကွက်ခြင်း၊

(ခ) သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးက သတ်မှတ်ချက်များနှင့် အညီ ခိုင်လုံသော အထောက်အထားဖြင့် ကန့်ကွက်လာခြင်း၊

(ဂ) တစ်ဦးတစ်ယောက်က မော်တော်ယာဉ်သည် ယာဉ်အန္တရာယ်နှင့် ပတ်ဝန်းကျင်ထိခိုက်မှုရှိကြောင်း ခိုင်လုံသောအထောက်အထားဖြင့် ကန့်ကွက်လာခြင်း။

၃၁။ (က) ဦးစီးဌာန မှတ်ပုံတင်အရာရှိသည် အောက်ပါ အကြောင်းကိစ္စတစ်ရပ်ရပ်ဖြစ်ပွားလျှင် ညွှန်ကြားရေးမှူးချုပ်၏အတည်ပြုချက်ဖြင့် မော်တော်ယာဉ်မှတ်ပုံတင်ခြင်းကို ဖျက်သိမ်းရမည်-

(၁) မော်တော်ယာဉ်ကို အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်ရန် ပြန်လည်ပြင်ဆင်၍ မရနိုင်သည် အထိ ပျက်စီးခြင်း၊

(၂) မော်တော်ယာဉ်ကို မြန်မာနိုင်ငံပြင်ပသို့ အပြီးအပိုင် ယူဆောင်သွားခြင်း၊

(၃) မော်တော်ယာဉ်မှတ်ပုံတင်သက်တမ်း ကုန်ဆုံးပြီးနောက် ပုဒ်မ ၂၈ အရ သက်တမ်းတိုး မှတ်ပုံတင်ခြင်းဆောင်ရွက်ရန် တစ်ဆက်တည်း ၅ နှစ် ပျက်ကွက်ခြင်း၊

(၄) မော်တော်ယာဉ်မှတ်ပုံတင်ခြင်းကို ဖျက်သိမ်းပေးရန် မော်တော်ယာဉ်မှတ်ပုံတင်ထားသူက အထောက်အထားခိုင်လုံစွာဖြင့် လျှောက်ထားခြင်း။

(ခ) ဦးစီးဌာန မှတ်ပုံတင်အရာရှိသည် မော်တော်ယာဉ် အဓိကအစိတ်အပိုင်းများနှင့် အခြား အချက်အလက်များ ပြောင်းလဲခြင်းတွင် ခွင့်ပြု၍မရနိုင်သော အစိတ်အပိုင်းနှင့် အချက်အလက် ပြောင်းလဲခြင်းများ စစ်ဆေးတွေ့ရှိပါက ညွှန်ကြားရေးမှူးချုပ်၏ အတည်ပြုချက်ဖြင့် မော်တော်ယာဉ် မှတ်ပုံတင်ခြင်းကို ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ဖျက်သိမ်းခြင်းပြုရမည်။

## အခန်း (၇)
## ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်အကူလိုင်စင်များ

၃၂။ ဦးစီးဌာနသည် အပြည်ပြည်ဆိုင်ရာယာဉ်မောင်းနှင်ခွင့်လက်မှတ်နှင့် ယာယီယာဉ်မောင်းနှင်ခွင့် လက်မှတ် အသစ်ထုတ်ပေးခြင်း၊ ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်အကူလိုင်စင်တို့နှင့်စပ်လျဉ်း၍ အသစ် ထုတ်ပေးခြင်း၊ သက်တမ်းတိုးခြင်းနှင့် လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာ အခြားလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရန် မိမိဌာန၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊ ခရိုင်နှင့် မြို့နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သင့်လျော်သော အရာရှိများအား လိုင်စင်ထုတ်ပေးသူ အရာရှိများအဖြစ် ခန့်အပ်တာဝန်ပေးရမည်။

၃၃။ ဦးစီးဌာနသည် မောင်းနှင်ခွင့်ရှိသည့် မော်တော်ယာဉ်အမျိုးအစားအလိုက် ယာဉ်မောင်းလိုင်စင် အမျိုးအစားများကို သတ်မှတ်ရမည်။

၃၄။ (က) ယာဉ်မောင်းလိုင်စင် သို့မဟုတ် ယာဉ်အကူလိုင်စင်ရရှိလိုသူသည် သက်ဆိုင်ရာ လိုင်စင် ထုတ်ပေးသူအရာရှိထံ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

(ခ) ယာဉ်မောင်းလိုင်စင် သို့မဟုတ် ယာဉ်အကူလိုင်စင် သက်တမ်းတိုးလိုသူသည် သက်ဆိုင်ရာ လိုင်စင်ထုတ်ပေးသူအရာရှိထံ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၃၅။ သက်ဆိုင်ရာ လိုင်စင်ထုတ်ပေးသူအရာရှိသည်-

(က) ပုဒ်မ ၃၄၊ ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး-

(၁) သတ်မှတ်ချက်များနှင့်ညီညွတ်၍ စစ်ဆေးမှုအောင်မြင်ပါက ယာဉ်မောင်းလိုင်စင် သို့မဟုတ် ယာဉ်အကူလိုင်စင်ကို ဦးစီးဌာနက သတ်မှတ်ထားသည့် သက်တမ်းအတိုင်းသတ်မှတ်၍ ထုတ်ပေးရမည်။

(၂) အောက်ပါ အကြောင်းကိစ္စတစ်ရပ်ရပ်ပေါ်ပေါက်ပါက ယာဉ်မောင်းလိုင်စင် သို့မဟုတ် ယာဉ်အကူလိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်း သို့မဟုတ် ကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်းပြုနိုင်သည်-

(ကက) လုံခြုံစိတ်ချရပြီး အန္တရာယ်ကင်းရှင်းစွာ မော်တော်ယာဉ် မောင်းနှင်နိုင်စွမ်း သို့မဟုတ် ယာဉ်အကူအဖြစ် ဆောင်ရွက်နိုင်စွမ်းမရှိသော ရောဂါ သို့မဟုတ် မသန်စွမ်းမှု တစ်ခုခုဖြစ်နေခြင်း၊

(ခခ) စိတ်ကျန်းမာကြံ့ခိုင်မှု မရှိခြင်း၊

(ဂဂ) ယာဉ်မောင်းလိုင်စင် သို့မဟုတ် ယာဉ်အကူလိုင်စင်ထုတ်ပေးရန် သတ်မှတ်ထားသော စည်းကမ်းချက်များနှင့် ညီညွတ်မှုမရှိခြင်း၊

(ဃဃ) ရာဇသတ်ကြီးပါ ယာဉ်မတော်တဆထိခိုက်မှုဆိုင်ရာ ပြစ်မှုတစ်ရပ်ရပ်အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူဖြစ်ခြင်း။

(ခ) ပုဒ်မ ၃၄၊ ပုဒ်မခွဲ (ခ) အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး သက်တမ်းတိုးပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

၃၆။ သက်ဆိုင်ရာ လိုင်စင်ထုတ်ပေးသူအရာရှိသည် ယာဉ်မောင်းလိုင်စင်ရရှိသူက အောက်ပါ အကြောင်းကိစ္စတစ်ရပ်ရပ်ပေါ်ပေါက်ကြောင်းတွေ့ရှိပါက ယာဉ်မောင်းလိုင်စင်ကို ကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ဖျက်သိမ်းခြင်းပြုနိုင်သည်-

(က) ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်အရဖြစ်စေ၊ နည်းဥပဒေများပါ ပြစ်မှုတစ်ရပ်ရပ်အရဖြစ်စေ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူဖြစ်ခြင်း၊

(ခ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ယာဉ်မတော်တဆမှုဆိုင်ရာ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူဖြစ်ခြင်း၊

(ဂ) ယာဉ်မတော်တဆမှုဆိုင်ရာ ပြစ်မှုတစ်ရပ်ရပ်အရ ပြစ်ချက်ဟောင်းမှတ်တမ်းရှိသည့်အပြင် ထိုသူ၏ မော်တော်ယာဉ်မောင်းနှင်ခြင်းမှာ အများပြည်သူတို့အား ဘေးအန္တရာယ်ဖြစ်စေနိုင်သည့် မောင်းနှင်မှုဖြစ်ခြင်း။

၃၇။ သက်ဆိုင်ရာ လိုင်စင်ထုတ်ပေးသူအရာရှိနှင့် ရဲအရာရှိတို့သည် ယာဉ်မောင်းလိုင်စင်ရရှိသူက ဤဥပဒေနှင့် နည်းဥပဒေများပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်သော်လည်းကောင်း၊ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ယာဉ်မတော်တဆမှုဆိုင်ရာ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်သော်လည်းကောင်း ထိုသူကို ကျူးလွန်သည့်ပြစ်မှုအတွက် အမှတ်ပေး၍ အပြစ်ပေး အရေးယူသည့်စနစ် (Demerit Point System) ကို သတ်မှတ်ချက်များနှင့်အညီ ကျင့်သုံးနိုင်သည်။

၃၈။ ယာဉ်မောင်းလိုင်စင်အမျိုးအစားတစ်ခုမှ အခြားအမျိုးအစားတစ်ခုသို့ ပြောင်းလဲပေးရန် လျှောက်ထားခြင်းတွင် သက်ဆိုင်ရာ လိုင်စင်ထုတ်ပေးသူအရာရှိသည် သတ်မှတ်ချက်များနှင့်အညီ စစ်ဆေး၍ ယာဉ်မောင်းလိုင်စင် ပြောင်းလဲထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

၃၉။ ဦးစီးဌာန၏ လိုင်စင်ထုတ်ပေးသူအရာရှိသည် အပြည်ပြည်ဆိုင်ရာ ယာဉ်မောင်းနှင်ခွင့်လက်မှတ် လျှောက်ထားခြင်းကို သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ အပြည်ပြည်ဆိုင်ရာ ယာဉ်မောင်းနှင်ခွင့်လက်မှတ် ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

၄၀။ သက်ဆိုင်ရာ လိုင်စင်ထုတ်ပေးသူအရာရှိသည် ပြည်ပမှထုတ်ပေးသော ယာဉ်မောင်းလိုင်စင်တင်ပြ၍ ပြည်တွင်းတွင်မောင်းနှင်ရန် လျှောက်ထားခြင်းကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ခြင်း သို့မဟုတ် စစ်ဆေးခြင်းပြု၍ ယာဉ်မောင်းလိုင်စင်ကိုဖြစ်စေ၊ ယာယီယာဉ်မောင်းနှင်ခွင့်လက်မှတ်ကိုဖြစ်စေ ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

ရှင်းလင်းချက်။ ပြည်ပမှထုတ်ပေးသော ယာဉ်မောင်းလိုင်စင်ဆိုရာတွင် ပုဒ်မ ၁၄၊ ပုဒ်မခွဲ (ဃ) တွင်ပါရှိသော ယာဉ်မောင်းလိုင်စင်ကိုင်ဆောင်သူများက ပြည်တွင်းယာဉ်မောင်းလိုင်စင်ကို ရယူလိုသည့်အခါ လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍လည်း သက်ဆိုင်စေရမည်။

၄၁။ သက်ဆိုင်ရာ လိုင်စင်ထုတ်ပေးသူအရာရှိသည် ယာဉ်အကူက ဤဥပဒေနှင့် နည်းဥပဒေများပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်သော်လည်းကောင်း၊ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ယာဉ်မတော်တဆမှုဆိုင်ရာ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်သော်လည်းကောင်း ၎င်း၏ ယာဉ်အကူလိုင်စင်ကို ကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ဖျက်သိမ်းခြင်းပြုနိုင်သည်။

၄၂။ သက်ဆိုင်ရာ လိုင်စင်ထုတ်ပေးသူအရာရှိသည် ယာဉ်မောင်းလိုင်စင် သို့မဟုတ် ယာဉ်အကူလိုင်စင်ကိုင်ဆောင်သူက သတ်မှတ်ထားသည့်စည်းကမ်းကို လိုက်နာရန်ပျက်ကွက်မှုကို မှတ်တမ်းတင်ထားရမည်။ ယင်းမှတ်တမ်းသည် ယာဉ်မောင်းလိုင်စင် သို့မဟုတ် ယာဉ်အကူလိုင်စင် သက်တမ်းတိုးခြင်းနှင့် ယာဉ်မောင်းလိုင်စင် အမျိုးအစားပြောင်းလဲပေးရန် လျှောက်ထားခြင်း၊ လိုင်စင်ကို ယာယီရပ်ဆိုင်းခြင်းနှင့် ဖျက်သိမ်းခြင်းကိစ္စတို့တွင် ထည့်သွင်းစဉ်းစားရမည့်အချက်များ ဖြစ်စေရမည်။

## အခန်း (၈)
## လုပ်ငန်းလိုင်စင်

၄၃။ မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်း လုပ်ကိုင်လိုသူသည် ဦးစီးဌာနသို့ သတ်မှတ်ချက်နှင့်အညီ လုပ်ငန်းလိုင်စင် လျှောက်ထားရမည်။

၄၄။ ဦးစီးဌာနသည်-

(က) ပုဒ်မ ၄၃ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး လုပ်ငန်းလိုင်စင် ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ခွင့်ပြုပါက သတ်မှတ်ထားသော လုပ်ငန်းလိုင်စင်ကြေးကို ပေးသွင်းစေပြီး လုပ်ငန်းလိုင်စင်သက်တမ်းနှင့် စည်းကမ်းချက်များကို သတ်မှတ်၍ လျှောက်ထားသူအား လုပ်ငန်းလိုင်စင် ထုတ်ပေးရမည်။

၄၅။ မော်တော်ယာဉ်မောင်းသင်တန်းကျောင်းလုပ်ငန်း လုပ်ကိုင်လိုသူသည် ဦးစီးဌာနသို့ သတ်မှတ်ချက်နှင့်အညီ လုပ်ငန်းလိုင်စင် လျှောက်ထားရမည်။

၄၆။ ဦးစီးဌာနသည်-

(က) ပုဒ်မ ၄၅ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး လုပ်ငန်းလိုင်စင် ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ခွင့်ပြုပါက သတ်မှတ်ထားသော လုပ်ငန်းလိုင်စင်ကြေးကို ပေးသွင်းစေပြီး လုပ်ငန်းလိုင်စင်သက်တမ်းနှင့် စည်းကမ်းချက်များကိုသတ်မှတ်၍ လျှောက်ထားသူအား လုပ်ငန်းလိုင်စင် ထုတ်ပေးရမည်။

၄၇။ လုပ်ငန်းလိုင်စင်ရရှိသူသည်-

(က) သတ်မှတ်ထားသော လုပ်ငန်းလိုင်စင် စည်းကမ်းချက်များကို လိုက်နာရမည်။

(ခ) ခွင့်ပြုထားသော လုပ်ငန်းလိုင်စင် သက်တမ်းကုန်ဆုံးသည့်အခါ ဆက်လက်လုပ်ကိုင်လိုပါက လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ပေးရန် သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၄၈။ လုပ်ငန်းလိုင်စင်ရရှိသူက သတ်မှတ်ထားသော စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း တွေ့ရှိပါက ဦးစီးဌာနသည် ထိုသူအား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ နည်းလမ်းတစ်ရပ်ရပ်ဖြင့် အရေးယူနိုင်သည်-

(က) သတိပေးပြီး သတ်မှတ်ထားသော ဒဏ်ကြေးကို ပေးဆောင်စေခြင်း၊

(ခ) ကာလသတ်မှတ်၍ လုပ်ငန်းလိုင်စင်ကို ယာယီရပ်ဆိုင်းခြင်း၊

(ဂ) လုပ်ငန်းလိုင်စင်ကို ဖျက်သိမ်းခြင်း။

## အခန်း (၉)
## အယူခံခြင်း

၄၉။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊ ခရိုင်နှင့် မြို့နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဒေသဆိုင်ရာ မှတ်ပုံတင်အရာရှိက ပုဒ်မ ၂၀၊ ပုဒ်မ ၂၁၊ ပုဒ်မခွဲ (က)၊ ပုဒ်မ ၂၇ သို့မဟုတ် ပုဒ်မ ၃၀ အရ ချမှတ်သည့် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ထိုသို့ ဆုံးဖြတ်ချက်ချမှတ်ကြောင်း အကြောင်းကြားစာကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသို့ အယူခံနိုင်သည်။

၅၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် ပုဒ်မ ၄၉ အရ တင်သွင်းသော အယူခံမှုကို စိစစ်ပြီး ချမှတ်သည့် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၅၁။ ပုဒ်မ ၅၀ အရ ချမှတ်သည့် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ထိုသို့ ဆုံးဖြတ်ချက်ချမှတ်ကြောင်း အကြောင်းကြားစာကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဦးစီးဌာနသို့ အယူခံနိုင်သည်။

၅၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ မှတ်ပုံတင်အရာရှိက ပုဒ်မ ၂၀၊ ပုဒ်မ ၂၁၊ ပုဒ်မခွဲ (က)၊ ပုဒ်မ ၂၇ သို့မဟုတ် ပုဒ်မ ၃၀ အရ ချမှတ်သည့် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ထိုသို့ ဆုံးဖြတ်ချက်ချမှတ်ကြောင်း အကြောင်းကြားစာကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဦးစီးဌာနသို့ အယူခံနိုင်သည်။

၅၃။ ဦးစီးဌာနသည် ပုဒ်မ ၅၁ သို့မဟုတ် ပုဒ်မ ၅၂ အရ တင်သွင်းသော အယူခံမှုကို စိစစ်ပြီး ချမှတ်သည့် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၅၄။ (က) ဦးစီးဌာနက ပုဒ်မ ၄၄၊ ပုဒ်မခွဲ (က)၊ ပုဒ်မ ၄၆၊ ပုဒ်မခွဲ (က)၊ ပုဒ်မ ၄၈ သို့မဟုတ် ပုဒ်မ ၅၃ အရ ချမှတ်သည့် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ထိုသို့ ဆုံးဖြတ်ချက်ချမှတ်ကြောင်း အကြောင်းကြားစာကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

(ခ) ဦးစီးဌာန မှတ်ပုံတင်အရာရှိက ပုဒ်မ ၂၀၊ ပုဒ်မ ၂၂၊ ပုဒ်မ ၂၇၊ ပုဒ်မခွဲ (က)၊ ပုဒ်မ ၂၉၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မ ၃၀ သို့မဟုတ် ပုဒ်မ ၃၁ အရ ချမှတ်သည့် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ထိုသို့ ဆုံးဖြတ်ချက်ချမှတ်ကြောင်း အကြောင်းကြားစာကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

(ဂ) ဝန်ကြီးဌာနသည် ပုဒ်မခွဲ (က) သို့မဟုတ် (ခ) အရ တင်သွင်းသော အယူခံမှုကို စိစစ်ပြီး ချမှတ်သည့် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

(ဃ) ဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

၅၅။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊ ခရိုင်နှင့် မြို့နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ လိုင်စင်ထုတ်ပေးသူအရာရှိက ပုဒ်မ ၃၅၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂)၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မ ၃၆၊ ပုဒ်မ ၃၈၊ ပုဒ်မ ၄၀ သို့မဟုတ် ပုဒ်မ ၄၁ အရ ချမှတ်သည့် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ထိုသို့ ဆုံးဖြတ်ချက်ချမှတ်ကြောင်း အကြောင်းကြားစာကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသို့ အယူခံနိုင်သည်။

၅၆။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် ပုဒ်မ ၅၅ အရ တင်သွင်းသောအယူခံမှုကို စိစစ်ပြီး ချမှတ်သည့် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၅၇။ ပုဒ်မ ၅၆ အရ ချမှတ်သည့် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ထိုသို့ ဆုံးဖြတ်ချက်ချမှတ်ကြောင်း အကြောင်းကြားစာကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဦးစီးဌာနသို့ အယူခံနိုင်သည်။

၅၈။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနမှ လိုင်စင်ထုတ်ပေးသူအရာရှိက ပုဒ်မ ၃၅၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂)၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မ ၃၆၊ ပုဒ်မ ၃၈၊ ပုဒ်မ ၄၀ သို့မဟုတ် ပုဒ်မ ၄၁ အရ ချမှတ်သည့် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ထိုသို့ ဆုံးဖြတ်ချက်ချမှတ်ကြောင်း အကြောင်းကြားစာကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဦးစီးဌာနသို့ အယူခံနိုင်သည်။

၅၉။ ဦးစီးဌာနသည် ပုဒ်မ ၅၇ သို့မဟုတ် ပုဒ်မ ၅၈ အရ တင်သွင်းသော အယူခံမှုကို စိစစ်ပြီး ချမှတ်သည့် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၆၀။ (က) ဦးစီးဌာန၏ လိုင်စင်ထုတ်ပေးသူအရာရှိက ပုဒ်မ ၃၅၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂)၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မ ၃၆၊ ပုဒ်မ ၃၈၊ ပုဒ်မ ၃၉၊ ပုဒ်မ ၄၀ သို့မဟုတ် ပုဒ်မ ၄၁ အရ ချမှတ်သည့် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ ပုဒ်မ ၅၉ အရ ချမှတ်သည့် ဆုံးဖြတ်ချက်ကိုဖြစ်စေ မကျေနပ်သူသည် ထိုသို့ ဆုံးဖြတ်ချက်ချမှတ်ကြောင်း အကြောင်းကြားစာကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

(ခ) ဝန်ကြီးဌာနသည် ပုဒ်မခွဲ (က) အရ တင်သွင်းသော အယူခံမှုကို စိစစ်ပြီး ချမှတ်သည့် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

(ဂ) ဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

## အခန်း (၁၀)
## လျော်ကြေးငွေ ပေးဆောင်ခြင်း

၆၁။ တစ်ဦးတစ်ယောက်သောသူက မော်တော်ယာဉ်နှင့်စပ်လျဉ်း၍ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှု တစ်ခုခုကြောင့် ရာဇသတ်ကြီးပုဒ်မ ၂၇၉၊ ၃၃၇၊ ၃၃၈ သို့မဟုတ် ပုဒ်မ ၃၀၄-က အရ ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပြီး ယင်း၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့် ပစ္စည်းတစ်ခုခု ပျက်စီးဆုံးရှုံးပါက တရားရုံးသည်-

(က) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းပိုင်ပစ္စည်းမှအပ အခြားပစ္စည်းတစ်ခုခုပျက်စီးလျှင် ပစ္စည်း ပိုင်ရှင်နှင့် ပြစ်မှုကျူးလွန်သူ နှစ်ဖက်သဘောတူညီမှုမရပါက အဆိုပါပစ္စည်းကို ပြုပြင်ရန် သို့မဟုတ် အစားထိုးရန် လုံလောက်သည့်လျော်ကြေးငွေပေးစေရန် အမိန့်ချမှတ်နိုင်သည်။

(ခ) အစိုးရဌာနပိုင်ပစ္စည်းတစ်ခုခုပျက်စီးလျှင် အဆိုပါပစ္စည်းကို ပြုပြင်ရန် သို့မဟုတ် အစားထိုးရန် လုံလောက်သည့် လျော်ကြေးငွေပေးစေရန် အမိန့်ချမှတ်ရမည်။

(ဂ) ပုဒ်မခွဲ (ခ) အရ ချမှတ်သည့် လျော်ကြေးငွေကိုပေးရန် ပျက်ကွက်လျှင် အဆိုပါ လျော်ကြေးငွေကို အခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံရမည်။

၆၂။ ပုဒ်မ ၆၁ အရ ချမှတ်သည့် အမိန့်သည် နစ်နာသူက တရားမမှုစွဲဆိုခွင့်ကို ပိတ်ပင်ခြင်း မရှိစေရ။

## အခန်း (၁၁)
## စည်းကမ်းထိန်းသိမ်းခြင်းနှင့် အရေးယူခြင်း

၆၃။ ဝန်ကြီးဌာနသည် ဤဥပဒေ သို့မဟုတ် နည်းဥပဒေများ၊ အမိန့်၊ စည်းမျဉ်းနှင့် စည်းကမ်းများပါ ပြဋ္ဌာန်းချက်များကို လိုက်နာရန်ပျက်ကွက်သူအား စစ်ဆေးအရေးယူရန် ဦးစီးဌာနကိုသော်လည်းကောင်း၊ ဦးစီးဌာနမှ သင့်လျော်သည့် အရာရှိတစ်ဦးဦးကိုသော်လည်းကောင်း တာဝန်ပေးအပ်နိုင်သည်။

၆၄။ (က) ရဲဝတ်စုံဝတ်ဆင်ထားသည့် ရဲအရာရှိ သို့မဟုတ် အဆိုပါ ရဲအရာရှိက ၎င်းကိုယ်စား တာဝန်ပေးအပ်ထားသော ရဲဝတ်စုံဝတ်ဆင်ထားသည့် ရဲတပ်ဖွဲ့ဝင်တစ်ဦးဦးသည် အောက်ပါ အခြေအနေတစ်ရပ်ရပ်တွင် မော်တော်ယာဉ်မောင်းနှင်သူအား ဝရမ်းမပါဘဲ ဖမ်းဆီးနိုင်သည်-

(၁) သတ်မှတ်ထားသောပမာဏထက်ပို၍ အရက်သေစာ သောက်စားမူးယစ်၍ မော်တော်ယာဉ်ကို မောင်းနှင်ခြင်း၊

(၂) မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများသုံးစွဲ၍ မော်တော်ယာဉ်ကို မောင်းနှင်ခြင်း၊

(၃) ဘေးအန္တရာယ်ဖြစ်စေနိုင်သည်အထိ မော်တော်ယာဉ်ကို မဆင်မခြင် သို့မဟုတ် အရှိန်ပြင်းစွာ သို့မဟုတ် ပေါ့လျော့စွာ မောင်းနှင်ခြင်း၊

(၄) ဘေးအန္တရာယ်ဖြစ်စေနိုင်သည့် မော်တော်ယာဉ်ကို မောင်းနှင်ခြင်း။

(ခ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) အရ ဖမ်းဆီးခံရသည့်သူ တစ်ဦးဦးကို သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း စစ်ဆေးပြီး အချုပ်မှ လွှတ်ရမည်။

(ဂ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂)၊ (၃) နှင့် (၄) တို့ပါ အခြေအနေတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ဖမ်းဆီးခံရသည့်သူ တစ်ဦးဦးကို သက်ဆိုင်ရာ တည်ဆဲဥပဒေအရ အရေးယူရမည်။

၆၅။ (က) ရဲဝတ်စုံဝတ်ဆင်ထားသည့် ရဲအရာရှိ သို့မဟုတ် အဆိုပါ ရဲအရာရှိက ၎င်းကိုယ်စားတာဝန်ပေးအပ် ထားသော ရဲဝတ်စုံ ဝတ်ဆင်ထားသည့် ရဲတပ်ဖွဲ့ဝင်တစ်ဦးဦးသည် အောက်ပါ ပုဂ္ဂိုလ်တစ်ဦးဦးကို ဝရမ်းမပါဘဲ ဖမ်းဆီးနိုင်သည်-

(၁) ဤဥပဒေပါ ပြစ်မှုတစ်ခုခုနှင့် စွပ်စွဲခံရသောကြောင့် အမည်နှင့် နေရပ်လိပ်စာ မေးမြန်းသည့် အခါ ဖြေကြားရန် ငြင်းဆိုသူ သို့မဟုတ် ဖြေကြားသော အမည်နှင့် နေရပ်လိပ်စာသည် မှန်ကန်ခြင်းမရှိဟု ယုံကြည်ရန် အကြောင်းရှိသူ၊

(၂) ဤဥပဒေပါ ပြစ်မှု သို့မဟုတ် နည်းဥပဒေများပါ ပြစ်မှုတစ်ခုခုတွင် ပါဝင်သက်ဆိုင်၍ သို့မဟုတ် ပါဝင်သက်ဆိုင်သည်ဟု သင်္ကာမကင်းဖွယ်ရာ အကြောင်းရှိ၍ ထွက်ပြေး တိမ်းရှောင်မည် သို့မဟုတ် သမ္မန်စာချမှတ်ခြင်း မခံရအောင် အခြားနည်းရှောင်ရှားနေမည်ဟု ယုံကြည်ရန် အကြောင်းရှိသူ။

(ခ) ရဲအရာရှိ သို့မဟုတ် အဆိုပါ ရဲအရာရှိက ၎င်းကိုယ်စား တာဝန်ပေးအပ်ထားသော ရဲတပ်ဖွဲ့ဝင်တစ်ဦးဦးသည် မော်တော်ယာဉ်မောင်းနှင်သူအား ဝရမ်းမပါဘဲ ဖမ်းဆီးလျှင် မော်တော်ယာဉ်ကို လုံခြုံစွာ ယာယီထိန်းသိမ်းထားရန် လိုအပ်ပါက မိမိသင့်သည်ဟု ထင်မြင် ယူဆသည့်အတိုင်း အရေးယူဆောင်ရွက်နိုင်သည် သို့မဟုတ် အရေးယူဆောင်ရွက်စေနိုင်သည်။ ထိုသို့ ဆောင်ရွက်ရာတွင် မော်တော်ယာဉ်ကို ရွှေ့ပြောင်းနေရာချထားရန် လိုအပ်ပါက ယာဉ်အန္တရာယ်ကင်းရှင်းစေရန် ဆောင်ရွက်ရမည်။

၆၆။ (က) ရဲအရာရှိ သို့မဟုတ် အဆိုပါ ရဲအရာရှိက ၎င်းကိုယ်စား တာဝန်ပေးအပ်ထားသော ရဲတပ်ဖွဲ့ဝင် တစ်ဦးဦး သို့မဟုတ် ဝန်ကြီးဌာနက တာဝန်ပေးအပ်သည့် ဦးစီးဌာနမှ အရာရှိသည် ဤဥပဒေ သို့မဟုတ် နည်းဥပဒေများ၊ အမိန့်၊ စည်းမျဉ်းနှင့် စည်းကမ်းများပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်သည့် ယာဉ်မောင်းသူ လက်ရှိထားသော ယာဉ်မောင်းလိုင်စင် သို့မဟုတ် မော်တော်ယာဉ်နှင့်သက်ဆိုင်သည့် စာတမ်းအမှတ်အသားများကို သိမ်းယူနိုင်သည်။ ယင်းသို့ သိမ်းယူလျှင် သိမ်းယူထားကြောင်း အထောက်အထား ထုတ်ပေးရမည်။

(ခ) ယာဉ်မောင်းလိုင်စင် သိမ်းယူထားကြောင်း အထောက်အထားဖြင့် မော်တော်ယာဉ်ကို နေထိုင်ရာဥပစာသို့ ပြန်လည်ယူဆောင်ရန်အတွက်သာ ယာဉ်မောင်းနှင်ခွင့်ရှိသည်။

၆၇။ ရဲအရာရှိ သို့မဟုတ် အဆိုပါ ရဲအရာရှိက ၎င်းကိုယ်စား တာဝန်ပေးအပ်ထားသော ရဲတပ်ဖွဲ့ဝင်တစ်ဦးဦးကဖြစ်စေ၊ ဝန်ကြီးဌာနက တာဝန်ပေးအပ်ခြင်းခံရသည့် ဦးစီးဌာနမှ အရာရှိကဖြစ်စေ မော်တော်ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ်၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်အကူလိုင်စင်၊ မော်တော်ယာဉ် စစ်ဆေးချက်သက်သေခံလက်မှတ်၊ အပြည်ပြည်ဆိုင်ရာ ယာဉ်မောင်းနှင်ခွင့်လက်မှတ်၊ ယာယီယာဉ်မောင်းနှင်ခွင့်လက်မှတ်၊ မော်တော်ယာဉ်မှတ်ပုံတင်နံပါတ်ပြားများကို စစ်ဆေးရာတွင် ယင်းလိုင်စင်နှင့် လက်မှတ်များမှာ အစစ်အမှန်မဟုတ်ကြောင်း ယုံကြည်ရန်အကြောင်းရှိလျှင် အဆိုပါ သက်သေခံအထောက်အထားများကို သိမ်းယူပြီးတည်ဆဲဥပဒေတစ်ရပ်ရပ်အရ ဆက်လက်အရေးယူဆောင်ရွက်ရမည်။

၆၈။ ရဲအရာရှိ သို့မဟုတ် အဆိုပါ ရဲအရာရှိက ၎င်းကိုယ်စား တာဝန်ပေးအပ်ထားသော ရဲတပ်ဖွဲ့ဝင်တစ်ဦးဦး သို့မဟုတ် ဦးစီးဌာနမှအရာရှိသည် သီးခြားခွင့်ပြုထားသောနေရာမှအပ အများပြည်သူဆိုင်ရာနေရာအပါအဝင် မည်သည့်နေရာတွင်မဆို အောက်ပါမော်တော်ယာဉ်အား စစ်ဆေးတွေ့ရှိလျှင်ယင်းမော်တော်ယာဉ်ကို ယာယီထိန်းသိမ်းနိုင်ရန် အနီးဆုံးရဲစခန်းတွင် အပ်နှံရမည်-

(က) မှတ်ပုံတင်ထားခြင်းမရှိသော မော်တော်ယာဉ်၊

(ခ) မှတ်ပုံတင်ဖျက်သိမ်းထားပြီးသော မော်တော်ယာဉ်။

## အခန်း (၁၂)

## ရန်ပုံငွေထူထောင်ခြင်း၊ လက်ခံရယူခြင်း၊ သုံးစွဲခြင်း၊ ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်း

၆၉။ အမျိုးသားကောင်စီသည် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရန်ပုံငွေကို အောက်ပါရငွေများဖြင့် ထူထောင်ရမည်-

(က) ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ ထည့်ဝင်ငွေ၊

(ခ) အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပစေတနာရှင်များ၊ လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ထောက်ပံ့ငွေနှင့် လှူဒါန်းငွေများ၊

(ဂ) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ထည့်ဝင်ငွေမှအပ ပုဒ်မခွဲ (ခ) ပါ ထောက်ပံ့ငွေနှင့် လှူဒါန်းငွေများမှ ရရှိသည့်ငွေဖြင့် တရားဝင်တိုးပွားသည့်ငွေများ။

၇၀။ အမျိုးသားကောင်စီသည် ရန်ပုံငွေဆိုင်ရာ ဘဏ္ဍာရေးစည်းမျဉ်းများကို စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနနှင့် ညှိနှိုင်းရေးဆွဲရမည်။

၇၁။ အမျိုးသားကောင်စီသည် ရန်ပုံငွေနှင့်စပ်လျဉ်း၍-

(က) သတ်မှတ်ထားသည့် ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ ရန်ပုံငွေ လက်ခံရယူခြင်း၊ သုံးစွဲခြင်း၊ ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းတို့ ပြုရမည်။

(ခ) ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စာရင်းစစ်ဆေးမှု ခံယူရမည်။

၇၂။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ယာဉ်အန္တရာယ်ကင်းရှင်းရေးကောင်စီရန်ပုံငွေကို အမျိုးသားကောင်စီ၏ ခွင့်ပြုချက်အရ အောက်ပါရငွေများဖြင့် ထူထောင်ရမည်-

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဘဏ္ဍာရန်ပုံငွေမှ ထည့်ဝင်ငွေ၊

(ခ) အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပ စေတနာရှင်များ၊ လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ထောက်ပံ့ငွေ၊ လှူဒါန်းငွေနှင့် အခြားတရားဝင်ရငွေများ၊

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဘဏ္ဍာရန်ပုံငွေမှ ထည့်ဝင်ငွေမှအပ ပုဒ်မခွဲ (ခ) ပါ ထောက်ပံ့ငွေ၊ လှူဒါန်းငွေနှင့် အခြားတရားဝင်ရငွေများမှ ရရှိသည့် ငွေဖြင့် တရားဝင် တိုးပွားသည့်ငွေများ။

၇၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီများသည် အမျိုးသားကောင်စီ၏ လမ်းညွှန်ချက်နှင့်အညီ ရန်ပုံငွေဆိုင်ရာ ဘဏ္ဍာရေးစည်းမျဉ်းများကို ရေးဆွဲပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်ရုံး၏ စာရင်းစစ်ဆေးမှုကို ခံယူရမည်။

၇၄။ အမျိုးသားကောင်စီသည် လိုအပ်ပါက မိမိ၏ရန်ပုံငွေမှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရန်ပုံငွေသို့ ခွဲဝေပေးနိုင်သည်။

## အခန်း (၁၃)
## တားမြစ်ချက်များ

၇၅။ မည်သူမျှ-

(က) မိမိအား ထုတ်ပေးထားသည့် ယာဉ်မောင်းလိုင်စင်ကို မိမိနှင့်တစ်ပါတည်း ယူဆောင်ခြင်းမရှိဘဲ အများပြည်သူဆိုင်ရာနေရာတွင် မော်တော်ယာဉ်ကို မောင်းနှင်ခြင်း မပြုရ၊

(ခ) မိမိအား ထုတ်ပေးထားသည့် ယာဉ်အကူလိုင်စင်ကို မိမိနှင့်တစ်ပါတည်း ယူဆောင်ခြင်းမရှိဘဲ ယာဉ်အကူအဖြစ် ပါဝင်ဆောင်ရွက်ခြင်း မပြုရ၊

(ဂ) သက်တမ်းကုန်ဆုံးနေသော ယာဉ်မောင်းလိုင်စင်ကို အသုံးပြု၍ မော်တော်ယာဉ်ကို မောင်းနှင်ခြင်း မပြုရ၊

(ဃ) သက်တမ်းကုန်ဆုံးနေသော ယာဉ်အကူလိုင်စင်ကို အသုံးပြု၍ ယာဉ်အကူအဖြစ် ပါဝင်ဆောင်ရွက်ခြင်း မပြုရ၊

(င) စိတ် သို့မဟုတ် ကိုယ်၏အခြေအနေမှာ မော်တော်ယာဉ်ကို မောင်းနှင်ရန် သင့်လျော်ခြင်းမရှိသည့် အခြေအနေတွင် မောင်းနှင်ခြင်း မပြုရ၊

(စ) သတ်မှတ်ထားသည့် ဝန်တင်အားထက်ပို၍ တင်ထားသောမော်တော်ယာဉ်ကို မောင်းနှင်ခြင်း မပြုရ၊

(ဆ) မော်တော်ယာဉ်တွင် ခွင့်ပြုချက်မရှိဘဲ အပိုမီးလုံး သို့မဟုတ် အပိုမီးတန်း တပ်ဆင်မောင်းနှင်ခြင်း မပြုရ၊

(ဇ) ခြေကျင်လမ်းကူးနေရာနှင့်သက်ဆိုင်သည့် နည်းဥပဒေများပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုဆန့်ကျင်၍ မော်တော်ယာဉ်ကို မောင်းနှင်ခြင်း မပြုရ၊

(စျ) အခြားသူ၏ ယာဉ်အကူလိုင်စင်ကို အသုံးပြု၍ ယာဉ်အကူအဖြစ် ပါဝင်ဆောင်ရွက်ခြင်းမပြုရ၊

(ည) မှတ်ပုံတင်သက်တမ်းရှိသော မော်တော်ယာဉ်ကိုမောင်းနှင်စဉ် မှတ်ပုံတင်သက်သေခံလက်မှတ်ကို သတ်မှတ်သည့် နည်းလမ်းအတိုင်း ပြသရန် ပျက်ကွက်ခြင်း မရှိစေရ၊

(ဋ) မော်တော်ယာဉ်ကို ကိုယ်တိုင်မောင်းနှင်နေစဉ် လက်ကိုင်ဖုန်း အသုံးမပြုရ၊

(ဌ) သတ်မှတ်ထားသည့် မော်တော်ယာဉ်ကို မောင်းနှင်နေစဉ် ယာဉ်ပေါ်ပါရှိသော အသက် ၁၀ နှစ်အောက် ကလေးငယ်များအား ကလေးအသက်ကယ်ထိုင်ခုံကို အသုံးမပြုဘဲ စီးနင်းစေခြင်း မပြုရ၊

(ဍ) အသက်ကယ်ထိုင်ခုံခါးပတ်ပတ်ရန် သတ်မှတ်ထားသည့် မော်တော်ယာဉ်ကို မောင်းနှင်နေစဉ် ကိုယ်တိုင်ဖြစ်စေ၊ လိုက်ပါစီးနင်းသူများကိုဖြစ်စေ အသက်ကယ်ထိုင်ခုံခါးပတ်ကို တပ်ဆင်ခြင်းမပြုဘဲ မောင်းနှင်ခြင်း မပြုရ။

၇၆။ မော်တော်ဆိုင်ကယ်မောင်းနှင်သူ မည်သူမျှ -

(က) မော်တော်ဆိုင်ကယ်ကို နောက်ကြည့်မှန်နှင့် အိပ်ဇောရှိအသံထိန်းကိရိယာမပါဘဲ မောင်းနှင်ခြင်း မပြုရ၊

(ခ) မော်တော်ဆိုင်ကယ်ကို မောင်းနှင်စီးနင်းရာတွင် ရှေ့မီးအနိမ့်ကို နေ့၊ ည အချိန်တိုင်းတွင် ဖွင့်၍ မောင်းနှင်ရန် ပျက်ကွက်ခြင်း မရှိစေရ၊

(ဂ) ကိုယ်တိုင်ဖြစ်စေ၊ လိုက်ပါစီးနင်းသူကိုဖြစ်စေ သတ်မှတ်ထားသော စံချိန်စံညွှန်းနှင့်ကိုက်ညီသည့် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုး သေချာစွာတပ်ဆင်၍ ဆောင်းခြင်းမပြုဘဲ မော်တော်ဆိုင်ကယ်ကို မောင်းနှင်ခြင်း မပြုရ။

၇၇။ မော်တော်ယာဉ်လက်ဝယ်ရှိသူ မည်သူမျှ-

(က) မော်တော်ယာဉ် ပေးကမ်းခြင်းနှင့် ရောင်းချခြင်းတို့တွင် မော်တော်ယာဉ် ပေးကမ်းသည့် နေ့ရက် သို့မဟုတ် အရောင်းအဝယ်စာချုပ် ချုပ်ဆိုသည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း မော်တော်ယာဉ် မှတ်ပုံတင်ထားသူအမည် ပြောင်းလဲပေးနိုင်ရေးအတွက် လျှောက်ထားရန် ပျက်ကွက်ခြင်း မရှိစေရ၊

( ခ ) အမွေဆက်ခံခြင်းဖြင့် မော်တော်ယာဉ်ပိုင်ဆိုင်ခွင့်ရရှိသည့် ကိစ္စရပ်တွင် မော်တော်ယာဉ်မှတ်ပုံတင်ထားသူ အမည်ပြောင်းလဲပေးရန် တရားဝင်ပိုင်ဆိုင်ခွင့်ရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း လျှောက်ထားရန် ပျက်ကွက်ခြင်း မရှိစေရ၊

( ဂ ) မော်တော်ယာဉ်မှတ်ပုံတင်ထားသူ အမည်ပြောင်းလဲပေးရန် လျှောက်ထားရာတွင် မော်တော်ယာဉ် ပေးကမ်းခြင်းနှင့် ရောင်းဝယ်ခြင်းစာချုပ်၌ ဝယ်ယူသူ၏အမည်နှင့် နေရပ်လိပ်စာအပါအဝင် အခြားအချက်အလက်တစ်စုံတစ်ရာကို မမှန်မကန်ဖော်ပြခြင်း၊ ပြင်ဆင်ခြင်း၊ ချန်လှပ်ခြင်း သို့မဟုတ် စာချုပ် ချုပ်ဆိုသည့်နေ့ရက်ကို မမှန်မကန်ဖော်ပြခြင်း မပြုရ။

၇၈။ မည်သူမျှ မော်တော်ယာဉ်မောင်းသင်တန်းကျောင်း လုပ်ငန်းလိုင်စင်မရှိဘဲ မော်တော်ယာဉ်မောင်း သင်တန်းကျောင်းဖွင့်လှစ်ခြင်း မပြုရ။

၇၉။ မည်သူမျှ မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်းလိုင်စင်မရှိဘဲ မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်းကို လုပ်ကိုင်ခြင်း မပြုရ။

၈၀။ မည်သူမျှ မော်တော်ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ် ယာယီရပ်ဆိုင်းခြင်း၊ သိမ်းဆည်းခြင်း သို့မဟုတ် ဖျက်သိမ်းခြင်းခံရသည့် မော်တော်ယာဉ်ကိုသော်လည်းကောင်း၊ သက်တမ်းကုန်ဆုံးသည့် မော်တော်ယာဉ်ကိုသော်လည်းကောင်း အများပြည်သူဆိုင်ရာနေရာတွင် မောင်းနှင်ခြင်း၊ မောင်းနှင်စေခြင်း သို့မဟုတ် ရပ်နားထားခြင်း မပြုရ။

၈၁။ မည်သူမျှ အများပြည်သူဆိုင်ရာ နေရာတွင် -

(က) ယာဉ်မောင်းလိုင်စင်မရှိဘဲ မော်တော်ယာဉ်ကို မောင်းနှင်ခြင်း မပြုရ၊

( ခ ) ယာဉ်မောင်းလိုင်စင်၌ ခွင့်ပြုထားခြင်းမရှိသော မော်တော်ယာဉ်ကို မောင်းနှင်ခြင်း မပြုရ သို့မဟုတ် မောင်းနှင်ခွင့် မပြုရ၊

( ဂ ) အခြားသူ၏ ယာဉ်မောင်းလိုင်စင်ကို အသုံးပြု၍ မော်တော်ယာဉ်ကို မောင်းနှင်ခြင်း မပြုရ၊

(ဃ) မော်တော်ယာဉ်ကို သတ်မှတ်ထားသည့် အမြန်နှုန်းထက်ပို၍ မောင်းနှင်ခြင်း သို့မဟုတ် သတ်မှတ်ထားသည့် အမြန်နှုန်းအောက် လျှော့၍ မောင်းနှင်ခြင်း မပြုရ၊

( င ) မော်တော်ယာဉ်ကို ဘေးအန္တရာယ်ဖြစ်စေနိုင်သည်အထိ မဆင်မခြင် သို့မဟုတ် အရှိန်ပြင်းစွာ သို့မဟုတ် ပေါ့လျော့စွာ မောင်းနှင်ခြင်း မပြုရ၊

( စ ) ဘေးအန္တရာယ်ဖြစ်စေနိုင်သည့် မော်တော်ယာဉ်ကို မောင်းနှင်ခြင်း မပြုရ၊

(ဆ) ဘေးအန္တရာယ်ရှိသော ကုန်ပစ္စည်း (Dangerous Goods) ကို သတ်မှတ်ချက်များနှင့်မညီဘဲ မော်တော်ယာဉ်တွင် တင်ဆောင်ခြင်း သို့မဟုတ် သယ်ယူပို့ဆောင်ခြင်း မပြုရ၊

( ဇ ) မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများသုံးစွဲ၍သော်လည်းကောင်း၊ သတ်မှတ်ထားသော ပမာဏထက်ပို၍ အရက်သေစာ သောက်စားမူးယစ်၍သော်လည်းကောင်း မော်တော်ယာဉ်ကို မောင်းနှင်ခြင်း မပြုရ၊

(ဈ) အငှားယာဉ်အဖြစ် မှတ်ပုံတင်ထားခြင်းမရှိသော မော်တော်ယာဉ်ကို စီးပွားရေးလုပ်ငန်းသုံး မော်တော်ယာဉ်အဖြစ် အသုံးမပြုရ။

၈၂။ မည်သူမျှ မော်တော်ယာဉ်ကို သူတစ်ပါးထိခိုက်မှု အာမခံမထားရှိဘဲ အများပြည်သူဆိုင်ရာ နေရာတွင် အသုံးမပြုရ သို့မဟုတ် အသုံးပြုခွင့်မပေးရ။ ဤတားမြစ်ချက်သည် ခရီးသည်များနှင့် မသက်ဆိုင်စေရ။

၈၃။ မော်တော်ယာဉ်ပိုင်ရှင် သို့မဟုတ် မော်တော်ယာဉ်အတွက် တာဝန်ရှိသူမည်သူမျှ ယင်း မော်တော်ယာဉ်ကို ယာဉ်မောင်းလိုင်စင် ရရှိမထားသူ တစ်ဦးဦးအား မောင်းနှင်စေခြင်း မပြုရ သို့မဟုတ် မောင်းနှင်ရန် ခွင့်မပြုရ။

၈၄။ မည်သူမျှ မှတ်ပုံတင်ထားသော မော်တော်ယာဉ်တွင်-

(က) မော်တော်ယာဉ် မှတ်ပုံတင်နံပါတ်ပြားကို မထင်မရှားဖြစ်စေရန် တမင် မပြုလုပ်ရ၊

(ခ) ဦးစီးဌာနက ထုတ်ပေးထားသည့် မော်တော်ယာဉ်မှတ်ပုံတင်နံပါတ်ပြား မဟုတ်ဘဲ အခြားနံပါတ်ပြားကို တပ်ဆင်အသုံးမပြုရ၊

(ဂ) မော်တော်ယာဉ် မှတ်ပုံတင်နံပါတ်ပြား တပ်ဆင်ထားခြင်းမရှိဘဲ အများပြည်သူဆိုင်ရာနေရာတွင် မောင်းနှင်ခြင်း၊ မောင်းနှင်စေခြင်း သို့မဟုတ် ရပ်နားထားခြင်း မပြုရ၊

(ဃ) ဦးစီးဌာနက အခြားမော်တော်ယာဉ်အတွက် ထုတ်ပေးသည့် စာတမ်းအမှတ်အသား သို့မဟုတ် မော်တော်ယာဉ်မှတ်ပုံတင်နံပါတ်ပြားကို ပြောင်းလဲအသုံးပြုခြင်း သို့မဟုတ် အသုံးပြုစေခြင်း မပြုရ။

၈၅။ မည်သူမျှ-

(က) မှတ်ပုံတင်ထားခြင်းမရှိသော မော်တော်ယာဉ်ကို သီးခြားခွင့်ပြုထားသောနေရာမှအပ အများပြည်သူဆိုင်ရာနေရာ အပါအဝင် မည်သည့်နေရာတွင်မျှ မောင်းနှင်ခြင်း၊ မောင်းနှင်စေခြင်း သို့မဟုတ် ရပ်နားထားခြင်း မပြုရ၊

(ခ) ဦးစီးဌာနက ထုတ်ပေးသည့် စာတမ်းအမှတ်အသားကို မှတ်ပုံတင်ထားခြင်းမရှိသော မော်တော်ယာဉ်တွင် ပြောင်းလဲအသုံးပြုခြင်း သို့မဟုတ် အသုံးပြုစေခြင်း မပြုရ၊

(ဂ) ဥပဒေနှင့်အညီ အခွင့်အာဏာမရှိဘဲ သို့မဟုတ် ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ မော်တော်ယာဉ်၏ မူလအမျိုးအမည်၊ ရုပ်သဏ္ဌာန် ပျက်ပြားစေသည်အထိ ပြုပြင်ပြောင်းလဲခြင်း မော်တော်ယာဉ် စစ်ဆေးချက် သက်သေခံလက်မှတ်ပါ အနေအထားများကို ပြုပြင်ပြောင်းလဲခြင်း မပြုရ၊

(ဃ) ဦးစီးဌာနက ထုတ်ပေးသည့် ယာဉ်မောင်းလိုင်စင်၊ ယာဉ်အကူလိုင်စင်၊ အပြည်ပြည်ဆိုင်ရာ ယာဉ်မောင်းနှင်ခွင့်လက်မှတ်၊ ယာယီယာဉ်မောင်းနှင်ခွင့်လက်မှတ်၊ မော်တော်ယာဉ်မှတ်ပုံတင် သက်သေခံလက်မှတ်၊ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်၊ မော်တော်ယာဉ်စစ်ဆေးချက်သက်သေခံ လက်မှတ်၊ မော်တော်ယာဉ်စစ်ဆေးပြီးကြောင်း အထောက်အထား၊ မော်တော်ယာဉ်မှတ်ပုံတင် နံပါတ်ပြား၊ ယာယီမှတ်ပုံတင်သက်သေခံလက်မှတ်၊ ယာယီမှတ်ပုံတင်အမှတ်အသား၊ လုပ်ငန်း လိုင်စင်တို့နှင့် အခြားအထောက်အထားများကို လိမ်လည်အတုပြုထားသည့် စာတမ်းအမှတ်အသား ဖြစ်ကြောင်း သိလျက်နှင့်လည်းကောင်း၊ ထိုသို့ဖြစ်ကြောင်း ယုံကြည်ရန် အကြောင်းရှိလျက်နှင့် လည်းကောင်း အစစ်အမှန်အနေဖြင့် အသုံးမပြုရ။

## အခန်း (၁၄)

## ပြစ်ဒဏ်များ

၈၆။ မည်သူမဆို ပုဒ်မ ၇၅ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ကျပ် သုံးသောင်းထက်မပိုသော ငွေဒဏ် ချမှတ်ရမည်။

၈၇။ မော်တော်ဆိုင်ကယ်မောင်းနှင်သူ မည်သူမဆို ပုဒ်မ ၇၆ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ် သုံးသောင်းထက်မပိုသော ငွေဒဏ် ချမှတ်ရမည်။

၈၈။ မော်တော်ယာဉ် လက်ဝယ်ရှိသူ မည်သူမဆို ပုဒ်မ ၇၇ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ် သုံးသိန်းထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

၈၉။ မည်သူမဆို ပုဒ်မ ၇၈ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ် တစ်ဆယ်သိန်းထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

၉၀။ မည်သူမဆို ပုဒ်မ ၇၉ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ် ၁၅ သိန်းထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

၉၁။ မည်သူမဆို-

(က) ပုဒ်မ ၈၀ နှင့် ပုဒ်မ ၈၁ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီး တစ်နှစ်အတွင်း ယင်းပြစ်မှုကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် သုံးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၉၂။ မည်သူမဆို ပုဒ်မ ၈၂ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၉၃။ မည်သည့် မော်တော်ယာဉ်ပိုင်ရှင် သို့မဟုတ် မော်တော်ယာဉ်အတွက် တာဝန်ရှိသူမဆို -

(က) ပုဒ်မ ၈၃ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီး တစ်နှစ်အတွင်း ယင်းပြစ်မှုကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် သုံးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၉၄။ မည်သူမဆို ပုဒ်မ ၈၄ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် သုံးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၉၅။ မည်သူမဆို ပုဒ်မ ၈၅ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၉၆။ မည်သူမဆို နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများနှင့် အမိန့်တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း သို့မဟုတ် လိုက်နာရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ် သုံးသောင်းထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

၉၇။ မည်သူမဆို ဤဥပဒေ သို့မဟုတ် နည်းဥပဒေ၊ အမိန့်၊ စည်းမျဉ်းနှင့် စည်းကမ်းများပါ တားမြစ်ချက်တစ်ရပ်ရပ်အရ ပြစ်ဒဏ်ထိုက်သော ပြစ်မှုကို ကျူးလွန်ရန် အားပေးကူညီလျှင် ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ချမှတ်ခြင်းခံရမည်။

## အခန်း (၁၅)

## အထွေထွေ

၉၈။ ပြည်ထောင်စုအစိုးရအဖွဲ့သည် အမိန့်ကြော်ငြာစာဖြင့် မည်သည့် မော်တော်ယာဉ် သို့မဟုတ် မော်တော်ယာဉ်အမျိုးအစားကိုမဆို အများပြည်သူအကျိုးအလို့ငှာ ဤဥပဒေပါ ပြဋ္ဌာန်းချက်အားလုံး သို့မဟုတ် တစ်ခုခုကို အကျိုးသက်ရောက်စေခြင်းမှ စည်းကမ်းချက်ထား၍ဖြစ်စေ၊ စည်းကမ်းချက်မထားဘဲဖြစ်စေ ကင်းလွတ်ခွင့်ပြုနိုင်သည်။

၉၉။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ အခြားပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များအား လိုအပ်သလို ပေါင်းစပ်ညှိနှိုင်းပေးရမည်။

၁၀၀။ ဦးစီးဌာနက ထုတ်ပေးသည့် ယာဉ်မောင်းလိုင်စင်၊ ယာဉ်အကူလိုင်စင်၊ အပြည်ပြည်ဆိုင်ရာ ယာဉ်မောင်းနှင်ခွင့်လက်မှတ်၊ ယာယီယာဉ်မောင်းနှင်ခွင့်လက်မှတ်၊ မော်တော်ယာဉ်မှတ်ပုံတင်သက်သေခံ လက်မှတ်၊ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်၊ မော်တော်ယာဉ်စစ်ဆေးချက်သက်သေခံလက်မှတ်၊ မော်တော်ယာဉ် စစ်ဆေးပြီးကြောင်းအထောက်အထား၊ မော်တော်ယာဉ်မှတ်ပုံတင်နံပါတ်ပြား၊ ယာယီမှတ်ပုံတင်သက်သေခံ လက်မှတ်၊ ယာယီမှတ်ပုံတင်အမှတ်အသား၊ လုပ်ငန်းလိုင်စင်တို့နှင့် အခြားအထောက်အထားများကို ဆင်တူ ယိုးမှားဖြစ်စေ၊ အတုအပဖြစ်စေ ပြုလုပ်လျှင် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အရေးယူခြင်းခံရမည်။

၁၀၁။ မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်းလုပ်ကိုင်သူက ကောက်ခံရရှိသော သတ်မှတ်ယာဉ် စစ်ဆေးခမှ ဦးစီးဌာနသို့ ပေးသွင်းစေရမည့် အခကြေးငွေများအား သတ်မှတ်ကာလအတွင်း ပေးသွင်းရန် ပျက်ကွက်လျှင် အဆိုပါ အခကြေးငွေများကို အခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံရမည်။

၁၀၂။ ပုဒ်မ ၈၉၊ ပုဒ်မ ၉၀၊ ပုဒ်မ ၉၄ နှင့် ပုဒ်မ ၉၅ တို့အရ အရေးယူသောပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၁၀၃။ ဤဥပဒေမပြဋ္ဌာန်းမီ ထုတ်ပေးထားသည့် မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်နှင့် သက်သေခံလက်မှတ်၊ မော်တော်ယာဉ်မှတ်ပုံတင်မှတ်တမ်း၊ မော်တော်ယာဉ်စစ်ဆေးချက်သက်သေခံလက်မှတ်၊ မော်တော်ယာဉ် မှတ်ပုံတင်နံပါတ်ပြား၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်အကူလိုင်စင်၊ အပြည်ပြည်ဆိုင်ရာယာဉ်မောင်းနှင်ခွင့် လက်မှတ်၊ ယာယီယာဉ်မောင်းနှင်ခွင့်လက်မှတ်၊ ယာဉ်မောင်းလိုင်စင်မှတ်တမ်းနှင့် လုပ်ငန်းလိုင်စင်များသည် ဤဥပဒေအရ ထုတ်ပေးသော စာတမ်းအမှတ်အသားများဖြစ်သည်ဟု မှတ်ယူရမည်။

၁၀၄။ ရုပ်သိမ်းပြီးသော ၁၉၆၄ ခုနှစ်၊ မော်တော်ယာဉ်ဥပဒေ (၁၉၆၄ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥပဒေအမှတ် ၁၇) အရဖြစ်စေ၊ မော်တော်ယာဉ်ဥပဒေ (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စု လွှတ်တော်ဥပဒေအမှတ် ၅၅။) အရဖြစ်စေ ထုတ်ပြန်ထားသော နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဤဥပဒေနှင့်မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၁၀၅။ ဦးစီးဌာနသည် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးနှင့်စပ်လျဉ်းသည့် ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည်။

၁၀၆။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် အမျိုးသားကောင်စီတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံး လုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) ဦးစီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၁၀၇။ မော်တော်ယာဉ်ဥပဒေ (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅၅။) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**[ ယခင်အပတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ အမိန့်ကြော်ငြာစာအမှတ် (၃၂၁/၂၀၂၀) လူမွဲခံယူခြင်းဆိုင်ရာ နည်းဥပဒေများ အဆက် ]**

## အပိုင်း (၉)

## ရာထူးလက်ရှိဖြစ်သူနှင့် ယခင်ကဆောင်ရွက်ခဲ့သည့် လုပ်ငန်းကိစ္စရပ်များ သက်ဆိုင်ခြင်း တရားရုံး၏ စီရင်ပိုင်ခွင့်

### ပေါ်ပေါက်လာသောကိစ္စရပ်များအတွက် တရားရုံးသို့ လျှောက်ထားခြင်း

၁၃၉။ (က) ရာထူးလက်ရှိဖြစ်သူသည် ၎င်း၏လုပ်ပိုင်ခွင့်နှင့် အာဏာများကို ကျင့်သုံးရာ၌ ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာလျှင်ဖြစ်စေ၊ ဥပဒေ သို့မဟုတ် ဤနည်းဥပဒေများပါ ပြဋ္ဌာန်းချက်တို့ကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ဖြစ်စေ ညွှန်ကြားချက်ရရှိရန်အတွက် တရားရုံးသို့ လျှောက်ထားနိုင်သည်။

(ခ) ရာထူးလက်ရှိဖြစ်သူ သို့မဟုတ် အစုရှယ်ယာဝင် သို့မဟုတ် မြီရှင်သည် ဥပဒေ သို့မဟုတ် ဤနည်းဥပဒေများအား လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပေါ်ပေါက်လာသော ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အဆုံးအဖြတ်ပေးရန် တရားရုံးသို့ လျှောက်ထားနိုင်သည်။

### လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများ၏ အခကြေးငွေများ

### ရာထူးလက်ရှိဖြစ်သူများ၏ အခကြေးငွေ

၁၄၀။ (က) ဤနည်းဥပဒေသည် ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ဝ) တွင် အနက်အဓိပ္ပာယ် ဖော်ပြထားသည့် ရာထူးလက်ရှိဖြစ်သူများ၏ အခကြေးငွေကို ဥပဒေပုဒ်မ ၃၅၈ အရ သတ်မှတ်ခြင်းနှင့် သက်ဆိုင်စေရမည်။

(ခ) ဥပဒေပုဒ်မ ၃၅၈ အရ ရာထူးလက်ရှိဖြစ်သူများ၏ အခကြေးငွေကို သတ်မှတ်ရာတွင် ဤနည်းဥပဒေများ၏ ပထမဇယားပါအချက်များကို ထည့်သွင်းစဉ်းစားရမည်။

(ဂ) ရာထူးလက်ရှိဖြစ်သူ၏ အခကြေးငွေကို သတ်မှတ်သည့်အမိန့်အတွက် ဥပဒေပုဒ်မ ၃၅၈၊ ပုဒ်မခွဲ (ဂ) အရ လျှောက်ထားမှုသည်-

(၁) ရာထူးလက်ရှိဖြစ်သူကို ခန့်အပ်ခဲ့သည့် မှုခင်းဆောင်ရွက်မှုအတွက်သာဖြစ်ပြီး၊

(၂) ပုဒ်မ ၃၅၈၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၁) နှင့် (၂) တို့တွင် ရည်ညွှန်းထားသည့် အစည်းအဝေးများ ကျင်းပသည့်ရက်နောက်ပိုင်းအထိ ပါဝင်ခြင်းမရှိစေရ။

(ဃ) ရာထူးလက်ရှိဖြစ်သူသည် ပုဒ်မ ၃၅၈ အရ ၎င်း၏အခကြေးငွေကို သတ်မှတ်ပေးရန် လျှောက်ထားပါက-

(၁) မြီရှင်များကော်မတီအစည်းအဝေး သို့မဟုတ်

(၂) မြီရှင်များအစည်းအဝေး

ကို ဆင့်ခေါ်ရမည်ဖြစ်ပြီး ရာထူးလက်ရှိဖြစ်သူက တောင်းဆိုသည့် အခကြေးငွေနှင့်စပ်လျဉ်း၍ အသေးစိတ်တွက်ချက်မှုကို ယင်းအစည်းအဝေးကို ခေါ်ယူသည့် အကြောင်းကြားစာတွင် ဖော်ပြရမည်။

(င) ဥပဒေပုဒ်မ ၃၅၈၊ ပုဒ်မခွဲ (ဂ) အရ အမိန့်ကိုရရှိရန် လျှောက်ထားမှုကို တင်သွင်းခြင်းမပြုမီ အနည်းဆုံး ၂၁ ရက်တွင် ရာထူးလက်ရှိဖြစ်သူသည် ထိုအမိန့်ကို လျှောက်ထားမည်ဖြစ်ကြောင်းနှင့် ရာထူးလက်ရှိဖြစ်သူက မိုငြမ်းလိုသည့် ကျမ်းကျိန်လွှာမိတ္တူကို အကြောင်းကြားစာနှင့်အတူ အောက်ပါပုဂ္ဂိုလ်များထံ ပေးပို့ရမည်-

(၁) ရာထူးလက်ရှိဖြစ်သူ၏ အခကြေးငွေနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့သည့် မြီရှင်များ၏ အစည်းအဝေး တစ်ခုတွင် ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ တက်ရောက်သည့် မြီရှင်အားလုံး၊

(၂) မြီရှင်များကော်မတီ၏ အဖွဲ့ဝင်အားလုံး၊

(၃) မြီရှင်များကော်မတီလည်း မရှိသည့်အပြင် မြီရှင်များ၏ အစည်းအဝေး ခေါ်ယူခြင်း၊ ကျင်းပခြင်းလည်း မရှိပါက လူမွဲခံယူသူ၏ မြီရှင်အားလုံး၊

(၄) ရာထူးလက်ရှိဖြစ်သူသည် ကုမ္ပဏီမှ ခန့်အပ်ထားသူဖြစ်ပါက ကုမ္ပဏီ မတည်ငွေရင်း၏ ရှယ်ယာ တစ်ဆယ်ရာခိုင်နှုန်းထက်မနည်း လက်ရှိထားသည့် ကုမ္ပဏီ၏ အဖွဲ့ဝင်အားလုံး၊

(၅) ရာထူးလက်ရှိဖြစ်သူသည် ကုမ္ပဏီအဖြစ် မှတ်ပုံတင်ထားခြင်းမရှိသော အပိုင်း (၆) လုပ်ငန်းမှ ခန့်အပ်ထားပြီး ထိုအပိုင်း (၆) လုပ်ငန်းပိုင်ရှင် သို့မဟုတ် ပိုင်ရှင်များနှင့် အစုစပ်လုပ်ငန်း ဖြစ်ပါက အစုစပ်လုပ်ငန်းဝင်အားလုံးနှင့်

(၆) ရာထူးလက်ရှိဖြစ်သူသည် ကုမ္ပဏီ သို့မဟုတ် အပိုင်း (၆) လုပ်ငန်းမှ ခန့်အပ်ထားသူဖြစ်ပါက မှတ်ပုံတင်အရာရှိ။

(စ) နည်းဥပဒေခွဲ (ဃ) တွင် ရည်ညွှန်းထားသည့် အကြောင်းကြားစာကို နောက်ဆုံးပေးအပ်ပြီး ၂၁ ရက်အတွင်း မြီရှင် သို့မဟုတ် ကြွေးမြီဆပ်ရန်တာဝန်ရှိသူသည် ရာထူးလက်ရှိဖြစ်သူထံ တောင်းဆိုထားသည့် အခကြေးငွေအပေါ် ကန့်ကွက်ရသည့်အကြောင်းရင်းကို ဖော်ပြ၍ ကန့်ကွက်မှုကို စာဖြင့်ရေးသား အကြောင်းကြားနိုင်သည်။

(ဆ) ရာထူးလက်ရှိဖြစ်သူသည် နည်းဥပဒေခွဲ (စ) တွင် ရည်ညွှန်းထားသည့် ကာလအတွင်း ကန့်ကွက်စာကို လက်ခံရရှိခြင်းမရှိလျှင်-

(၁) ရာထူးလက်ရှိဖြစ်သူသည် ထိုအချိန်ကာလကုန်ဆုံးပြီးနောက် ယင်း၏လျှောက်ထားမှုအတွက် အောက်ပါအချက်များပါရှိသည့် ကျမ်းကျိန်လွှာကို တင်သွင်းနိုင်သည်-

(ကက) နည်းဥပဒေခွဲ (င) အရ ပေးအပ်ရန် လိုအပ်သည့် အကြောင်းကြားစာနှင့် ကျမ်းကျိန်လွှာတို့ကို ပေးအပ်ခဲ့သည့် ရက်စွဲ သို့မဟုတ် ရက်စွဲများနှင့်

(ခခ) တောင်းဆိုသည့် အခကြေးငွေကို နည်းဥပဒေခွဲ (စ) တွင် ရည်ညွှန်းသည့်ကာလ အတွင်း ကန့်ကွက်စာကို ရာထူးလက်ရှိဖြစ်သူက လက်ခံရရှိခြင်း မရှိကြောင်း။

(၂) ရာထူးလက်ရှိဖြစ်သူသည် ကိုယ်တိုင် သို့မဟုတ် ၎င်းကိုယ်စား မည်သူမျှ တက်ရောက်ရန် မလိုဘဲ အများပြည်သူ၏ရှေ့မှောက်တွင် ဆောင်ရွက်ခြင်းမပြုရန် တောင်းဆိုသည့်လျှောက်လွှာကို ၎င်းမှ ထောက်ခံလက်မှတ်ရေးထိုးလျက် လျှောက်ထားနိုင်သည်။

(၃) လျှောက်လွှာကို ထိုနည်းဖြင့် ဆောင်ရွက်နိုင်သည်။

(ဇ) ရာထူးလက်ရှိဖြစ်သူသည် နည်းဥပဒေခွဲ (စ) တွင် ရည်ညွှန်းထားသည့်ကာလအတွင်း ကန့်ကွက်ကြောင်း နို့တစ်စာရရှိလျှင် ၎င်းသည် ဥပဒေပုဒ်မ ၃၅၈၊ ပုဒ်မခွဲ (ဂ) အရ အမိန့် ရရှိရန် အောက်ပါအချက်များပါရှိသည့် ကျမ်းကျိန်လွှာဖြင့် လျှောက်ထားရမည်-

(၁) နည်းဥပဒေခွဲ (ခ) တွင် ရည်ညွှန်းထားသည့်ကိစ္စရပ်များ၏ သက်သေခံချက်များ၊

(၂) ရာထူးလက်ရှိဖြစ်သူက ဆောင်ရွက်မည့် သို့မဟုတ် ဆောင်ရွက်နိုင်ဖွယ်ရှိသည့် အလုပ်၏ သဘောသဘာဝ၊

(၃) တောင်းဆိုသည့် အခကြေးငွေပမာဏ၊

(၄) ရာထူးလက်ရှိဖြစ်သူက ရယူခဲ့သည့် ငွေလက်ခံဖြတ်ပိုင်းများ၊ ပေးချေမှုများ၏ အကျဉ်းချုပ်၊

(၅) ရာထူးလက်ရှိဖြစ်သူက လက်ခံရရှိထားသည့် ကန့်ကွက်စာပါ အချက်အလက်များနှင့် လက်ခံ ရရှိထားသည့် ကန့်ကွက်ကြောင်း စာမိတ္တူများ၊

(၆) စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကို ဆက်လက်ပြုလုပ်နေလျှင် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း ပြီးဆုံးမှုကို နှောင့်နှေးစေသည့် ကိစ္စရပ်တစ်ခုခု၏ အသေးစိတ်အချက်အလက်။

(ဈ) ရာထူးလက်ရှိဖြစ်သူသည် ကန့်ကွက်စာပေးခဲ့သည့် မြီရှင် သို့မဟုတ် ကြွေးမြီဆပ်ရန် တာဝန်ရှိသူ အားလုံးထံ အမိန့်ရရှိရန် လျှောက်ထားသည့် လျှောက်လွှာမိတ္တူနှင့် နည်းဥပဒေခွဲ (ဇ) ပါ ကျမ်းကျိန်လွှာတို့ကို ပေးပို့ရမည်။

## ရာထူးလက်ရှိဖြစ်သူ၏ အခကြေးငွေကို ပြန်လည်သုံးသပ်ခြင်း

၁၄၁။ (က) ဤနည်းဥပဒေသည် ပုဒ်မ ၃၅၈ အရ ရာထူးလက်ရှိဖြစ်သူ၏ အခကြေးငွေပမာဏကို ပြန်လည်သုံးသပ်ရန် လျှောက်လွှာနှင့် သက်ဆိုင်စေရမည်။

(ခ) ဤနည်းဥပဒေအရ လျှောက်ထားခြင်းကို ဥပဒေပုဒ်မ ၃၅၈၊ ပုဒ်မခွဲ (က) မှ (ဂ) အရ အခကြေးငွေကို သတ်မှတ်ပြီးနောက်တွင် ပြုလုပ်နိုင်သည်။ သို့ရာတွင် ပုဒ်မ ၃၅၈၊ ပုဒ်မခွဲ (င) အရ သတ်မှတ်သည့် လုပ်ငန်းစဉ်ကို မှတ်ပုံတင်အရာရှိက ကန့်ကွက်တင်ပြပြီး ဖြစ်လျှင် ထိုသို့ လျှောက်ထားခြင်းကို မပြုလုပ်ရ။

(ဂ) ပြန်လည်သုံးသပ်ပေးရန် လျှောက်ထားမှုကို တင်သွင်းခြင်းမပြုမီ အနည်းဆုံး ၂၁ ရက်တွင် မှတ်ပုံတင်အရာရှိသည် ပြန်လည်သုံးသပ်မှုကို လျှောက်ထားရန်ရည်ရွယ်ကြောင်း မိမိမှိုင်း(ငြမ်း)လိုသည့် လျှောက်ထားမှုကို အထောက်အပံ့ပြုမည့် ကျမ်းကျိန်လွှာမိတ္တူကို အကြောင်းကြားစာနှင့်အတူ အောက်ပါပုဂ္ဂိုလ်များအား ပေးအပ်ရမည်-

(၁) ရာထူးလက်ရှိဖြစ်သူ၊

(၂) မြီရှင်များကော်မတီရှိပါက ကော်မတီ၏ အဖွဲ့ဝင်အားလုံး၊

(၃) ရာထူးလက်ရှိဖြစ်သူ၏ အခကြေးငွေကို မြီရှင်များက ဆုံးဖြတ်ခြင်း သို့မဟုတ် သတ်မှတ်ခြင်း ပြုပါက အခကြေးငွေကို သတ်မှတ်ခြင်း သို့မဟုတ် ဆုံးဖြတ်ခြင်းပြုသည့် မြီရှင်များ၏ အစည်းအဝေးသို့ ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ တက်ရောက်ခဲ့သည့် မြီရှင်အားလုံး၊

(၄) မြီရှင်များကော်မတီလည်းမရှိ၊ မြီရှင်များ၏ အစည်းအဝေးခေါ်ယူခြင်းနှင့် ကျင်းပခြင်း မရှိပါက ကုမ္ပဏီ၏ မြီရှင်အားလုံးနှင့်

(၅) ရာထူးလက်ရှိဖြစ်သူသည် ကုမ္ပဏီမှခန့်အပ်ထားသူဖြစ်ပါက ကုမ္ပဏီမှထုတ်ပြန်ထားသည့် မတည်ငွေရင်း၏ ရှယ်ယာ တစ်ဆယ်ရာခိုင်နှုန်းထက်မနည်း လက်ကိုင်ထားသည့် ကုမ္ပဏီ၏ အဖွဲ့ဝင်အားလုံး၊

(၆) ရာထူးလက်ရှိဖြစ်သူသည် ကုမ္ပဏီအဖြစ် မှတ်ပုံတင်ထားခြင်းမရှိသော အပိုင်း (၆) လုပ်ငန်းမှ ခန့်အပ်ထားပြီး ထိုအပိုင်း (၆) လုပ်ငန်းပိုင်ရှင် သို့မဟုတ် ပိုင်ရှင်များနှင့် အစုစပ်လုပ်ငန်း ဖြစ်ပါက အစုစပ်လုပ်ငန်းဝင်အားလုံး။

(ဃ) နည်းဥပဒေခွဲ (ဂ) တွင် ရည်ညွှန်းထားသည့် အကြောင်းကြားစာကို နောက်ဆုံးပေးအပ်ခဲ့ပြီး ၂၁ ရက်အတွင်း အကြောင်းကြားစာ ပေးအပ်ခြင်းခံရသူ တစ်ဦးဦးသည် မှတ်ပုံတင်အရာရှိထံ အောက်ပါအချက်များ ပါဝင်သော အကြောင်းကြားစာ ပေးပို့နိုင်သည်-

(၁) ပြန်လည်သုံးသပ်ရန်လျှောက်ထားမှုကို ကြားနာမှုတွင် ထိုပုဂ္ဂိုလ်၏ တက်ရောက်လိုသည့် ဆန္ဒကို ဖော်ပြခြင်း၊

(၂) ထိုပုဂ္ဂိုလ်မှ တရားရုံးရှေ့မှောက်တွင် တင်ပြလိုသည့် ကိစ္စရပ်များကို ဖော်ပြခြင်း။

(င) နည်းဥပဒေခွဲ (ဂ) တွင် ရည်ညွှန်းထားသည့် ပုဂ္ဂိုလ်သည် ပြန်လည်သုံးသပ်မှုပြုရန် လျှောက်ထားမှု အပေါ် ကြားနာခွင့်ရှိသည်။ သို့ရာတွင် ထိုသူသည် တရားရုံးက အခြားနည်းဖြင့် အမိန့်ချမှတ် ထားခြင်းမှတစ်ပါး နည်းဥပဒေခွဲ (ဃ) နှင့်အညီ မှတ်ပုံတင်အရာရှိထံ နို့တစ်စာပေးပြီး ဖြစ်ရမည်။

(စ) နည်းဥပဒေခွဲ (ဃ) နှင့်အညီ မှတ်ပုံတင်အရာရှိထံ အကြောင်းကြားစာပေးပြီးလျှင် မှတ်ပုံတင် အရာရှိ ပြန်လည်သုံးသပ်မှုအတွက် လျှောက်ထားမှု၏မိတ္တူကို ယင်းအကြောင်းကြားစာကို ပေးပို့သည့် ပုဂ္ဂိုလ်တစ်ဦးစီထံ ပေးပို့ရမည်။

(ဆ) ရာထူးလက်ရှိဖြစ်သူသည် အောက်ပါကိစ္စရပ်များကို ဖော်ပြထားသည့် ကျမ်းကျိန်လွှာကို တင်သွင်းရမည်-

(၁) ပထမဇယားတွင် ဖော်ပြထားသည့် အကြောင်းအရာများ၊

(၂) ရာထူးလက်ရှိဖြစ်သူက ဆောင်ရွက်သည့် သို့မဟုတ် ဆောင်ရွက်နိုင်ဖွယ်ရှိသည့် အလုပ်၏ သဘောသဘာဝ၊

(၃) ဆုံးဖြတ်ထားသည့် သို့မဟုတ် သတ်မှတ်ထားသည့် အခကြေးငွေပမာဏနှင့် ကွဲပြားခြားနားလျှင် ရာထူးလက်ရှိဖြစ်သူက တောင်းဆိုသည့် အခကြေးငွေပမာဏ၊

(၄) ရာထူးလက်ရှိဖြစ်သူက ရရှိထားသည့် ငွေလက်ခံဖြတ်ပိုင်းနှင့် ပေးချေမှုများ အကျဉ်းချုပ်၊

(၅) ရာထူးလက်ရှိဖြစ်သူက လက်ခံရရှိထားသည့် အကြောင်းကြားစာတွင် သတ်မှတ်ထားသည့် သို့မဟုတ် ဆုံးဖြတ်ထားသည့် အခကြေးငွေကို ကန့်ကွက်မှု တစ်စုံတစ်ရာ၏ အချက်အလက်များ၊

(၆) လူမွဲခံယူခြင်းဆိုင်ရာ စီမံဆောင်ရွက်မှုသည် ဆက်လက်ဆောင်ရွက်နေပါက လူမွဲခံယူခြင်းဆိုင်ရာ စီမံဆောင်ရွက်မှုကို နှောင့်နှေးစေသည့် အကြောင်းကိစ္စတစ်ခုခု၏ အသေးစိတ်ဖော်ပြချက်။

(ဇ) မှတ်ပုံတင်အရာရှိသည် ကျမ်းကျိန်လွှာကို အောက်ပါတို့ဖော်ပြလျက် တင်သွင်းရမည်-

(၁) နည်းဥပဒေခွဲ (ဃ) အရ နို့တစ်စာ သို့မဟုတ် နို့တစ်စာများ ပေးအပ်ထားခြင်း ရှိ မရှိ ဖော်ပြခြင်း၊

(၂) ယင်းနို့တစ်စာ၏ မိတ္တူကို နောက်ဆက်တွဲခြင်း သို့မဟုတ် သက်သေတင်ခြင်း။

## ဝက်ဘ်ဆိုက်များ အသုံးပြုခြင်း

### သီးခြားစာရွက်စာတမ်းများကို ဝက်ဘ်ဆိုက်အသုံးပြု၍ ပေးပို့ခြင်း

၁၄၂။ ဥပဒေပုဒ်မ ၃၆၇ ပါ ရည်ရွယ်ချက်များအလို့ငှာ-

(က) ရာထူးလက်ရှိဖြစ်သူသည် လူပုဂ္ဂိုလ်တစ်ဦးအား စာရွက်စာတမ်းပေးအပ်ရာ၌ အောက်ပါအချက်များ ပါဝင်သော အကြောင်းကြားစာကို ထိုသူအား ပေးအပ်ခြင်းဖြစ်လျှင် ဝက်ဘ်ဆိုက် အသုံးပြု၍ ပေးပို့ခြင်းဖြစ်သည်ဟု မှတ်ယူရမည်-

(၁) စာရွက်စာတမ်းသည် ဝက်ဘ်ဆိုက်တွင် ဖတ်ရှုနိုင်ကြောင်းနှင့် ထိုမှ ကူးယူနိုင်ကြောင်း ဖော်ပြချက်၊

(၂) စာရွက်စာတမ်းကို ဖတ်ရှုရန်နှင့် ကူးယူရန် လိုအပ်သည့် ဝက်ဘ်ဆိုက်၏လိပ်စာနှင့် စကားဝှက် သို့မဟုတ် အမှတ်သင်္ကေတနှင့်

(၃) အကြောင်းကြားစာ ပေးအပ်ခြင်းခံရသည့်သူသည် ထိုစာရွက်စာတမ်း၏ စာရွက်မိတ္တူကို တောင်းခံလိုပါက ဆက်သွယ်အသုံးပြုနိုင်သည့် တယ်လီဖုန်းနံပါတ်၊ အီးမေးလ်လိပ်စာနှင့် စာတိုက်မှ ပေးပို့ရန်လိပ်စာ စသည်တို့ဖြင့် ဖော်ပြချက်။

(ခ) နည်းဥပဒေခွဲ (က)၊ နည်းဥပဒေခွဲငယ် (၃) အရ တောင်းခံချက်ကို ရရှိသည့် ရာထူးလက်ရှိဖြစ်သူသည် ထိုတောင်းခံချက်ရရှိပြီး အလုပ်လုပ်ကိုင်ရက် ၅ ရက်အတွင်း အခကြေးငွေမယူဘဲ တောင်းခံသူထံ စာရွက်စာတမ်းများ၏ စာရွက်မိတ္တူကို ပေးပို့ရမည်။

(ဂ) နည်းဥပဒေခွဲ (ခ) အရ ပေးသည့် နို့တစ်စာနှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းသည်-

(၁) လူမွဲခံယူခြင်းဆိုင်ရာ စီမံဆောင်ရွက်မှု ပြီးဆုံးပြီးနောက် သို့မဟုတ် ထိုစီမံဆောင်ရွက်မှုတွင် ရာထူးလက်ရှိဖြစ်သူအဖြစ် နောက်ဆုံးဆောင်ရွက်ခဲ့သူသည် တာဝန်မှ ရပ်နားပြီးနောက် ၂ လအထိ ဝက်ဘ်ဆိုက်တွင် ဆက်လက်ရှိနေရမည်ဖြစ်ပြီး၊

(၂) အီလက်ထရောနစ် တောင်းခံချက်ပြုလုပ်မှုအတွက် သင့်လျော်သည့်အချိန်အတွင်း ဝက်ဘ်ဆိုက်မှ ရယူနိုင်သည့် အနေအထားတွင်ရှိရမည်။

(ဃ) ဤနည်းဥပဒေအရ ဝက်ဘ်ဆိုက်မှတစ်ဆင့် လူတစ်ဦးအား စာရွက်စာတမ်းကို ပေးပို့ခဲ့ပါက အောက်ပါအခြေအနေတစ်ရပ်ရပ်၌ ပေးအပ်ခဲ့ပြီးဖြစ်သည်ဟု မှတ်ယူရမည်-

(၁) စာရွက်စာတမ်းကို ပထမဦးစွာ ဝက်ဘ်ဆိုက်တွင် ရယူနိုင်ရန် ပြုလုပ်ထားသည့်အခါ သို့မဟုတ်

(၂) နောက်မှ ဆောင်ရွက်ချက်ဖြစ်စေကာမူ နည်းဥပဒေခွဲ (က) အရ အကြောင်းကြားစာကို ထိုသူထံ ပေးအပ်ခဲ့ပြီးဖြစ်လျှင်။

**စာရွက်စာတမ်းများပေးပို့ရန် ဝက်ဘ်ဆိုက်ကို ယေဘုယျအသုံးပြုခြင်း**

၁၄၃။ (က) ရာထူးလက်ရှိဖြစ်သူသည် လူမွဲခံယူခြင်းဆိုင်ရာ စီမံဆောင်ရွက်မှုတွင် စာရွက်စာတမ်းကို ပေးအပ်ရန် လိုအပ်သူတစ်ဦးဦးထံ အောက်ပါအချက်များ ပါဝင်သည့် အကြောင်းကြားစာကို ပေးပို့နိုင်သည်-

(၁) နည်းဥပဒေခွဲ (ခ) တွင် ပါဝင်ခြင်းမရှိသော လူမွဲခံယူခြင်းဆိုင်ရာ စီမံဆောင်ရွက်မှုရှိ အနာဂတ်တွင် ဖြစ်ပေါ်မည့် စာရွက်စာတမ်းများနှင့်စပ်လျဉ်း၍ လက်ခံရရှိသူကို အကြောင်းကြားစာမပေးဘဲ ဝက်ဘ်ဆိုက်တွင် ဖတ်ရှုရန်၊ ကူးယူရန်နှင့် ရာထူးလက်ရှိ ဖြစ်သူသည် ထိုစာရွက်စာတမ်းတစ်ခုခုကို ထိုသူက တောင်းခံခြင်းမဟုတ်လျှင် အကြောင်းကြားစာ လက်ခံရရှိသူကို ပေးအပ်ရန် တာဝန်မရှိဆိုသည့် ဖော်ပြချက်၊

(၂) စာရွက်စာတမ်း၏ စာရွက်မိတ္တူကို တောင်းခံရာတွင် အသုံးပြုနိုင်သည့် တယ်လီဖုန်းနံပါတ်၊ အီးမေးလ်လိပ်စာ၊ စာတိုက်မှ ပေးပို့ရန်လိပ်စာ၊

(၃) အကြောင်းကြားစာ လက်ခံရရှိသူသည် မည်သည့်အချိန်၌မဆို အောက်ပါ တစ်ခုခု သို့မဟုတ် အားလုံး၏ စာရွက်မိတ္တူကို တောင်းခံနိုင်သည်ဆိုသော ဖော်ပြချက်-

(ကက) စာရွက်စာတမ်းအားလုံးသည် လက်ရှိတွင် ဝက်ဘ်ဆိုက်၌ ဖတ်ရှုနိုင်ခြင်း၊

(ခခ) ယင်းတွင်ရရှိနိုင်မည့် အနာဂတ်တွင် ဖြစ်ပေါ်လာမည့် စာရွက်စာတမ်းများအားလုံးနှင့်

(၄) ထိုဝက်ဘ်ဆိုက်မှ သက်ဆိုင်ရာ စာရွက်စာတမ်းကို ဖတ်ရှုရန်နှင့် ကူးယူရန် လိုအပ်သည့် ဝက်ဘ်ဆိုက်၏လိပ်စာနှင့် စကားဝှက်တစ်ခုခု။

(ခ) နည်းဥပဒေခွဲ (က)၊ နည်းဥပဒေခွဲငယ် (၁) အရ ပြုလုပ်သည့် ဖော်ပြချက်သည် အောက်ပါ စာရွက်စာတမ်းများနှင့် အကျုံးဝင်ခြင်းမရှိစေရ-

(၁) လူကိုယ်တိုင်ပေးအပ်ရန် လိုအပ်သည့် စာရွက်စာတမ်း၊

(၂) အမြတ်ဝေစုကို ကြေညာရန် ရည်ရွယ်သည့် နို့တစ်စာ၊

(၃) ယေဘုယျအားဖြင့် ပေးအပ်လေ့မရှိသည့် စာရွက်စာတမ်း။

(ဂ) စာရွက်စာတမ်းကို အောက်ပါပုဂ္ဂိုလ်များအနက်မှ အချို့ သို့မဟုတ် အားလုံးသို့ ပေးဝေလျှင် စာရွက်စာတမ်းကို ယေဘုယျအားဖြင့် ပေးဝေသည်ဟု မှတ်ယူရမည်-

(၁) အဖွဲ့ဝင်များ သို့မဟုတ် ကြွေးမြီပေးဆပ်ရန် တာဝန်ရှိသူများ၊

(၂) မြီရှင်များ၊

(၃) အဖွဲ့ဝင်များ၊ ကြွေးမြီပေးဆပ်ရန် တာဝန်ရှိသူများ သို့မဟုတ် မြီရှင်များ၏ အုပ်စုတစ်စု။

(ဃ) နည်းဥပဒေခွဲ (က) အရ အကြောင်းကြားစာကို ပေးအပ်ခဲ့သည့် ရာထူးလက်ရှိဖြစ်သူသည်-

(၁) အကြောင်းကြားစာတွင် အကျုံးဝင်သည့် စာရွက်စာတမ်းကို ဝက်ဘ်ဆိုက်တွင် တင်ထားပြီးသည့် အခါ နို့တစ်စာ ပေးပို့ထားသည့် ပုဂ္ဂိုလ်ကို အကြောင်းကြားရန် တာဝန်မရှိစေရ သို့မဟုတ်

(၂) နည်းဥပဒေခွဲ (က)၊ နည်းဥပဒေခွဲငယ် (၃) အရ တောင်းခံချက်ရရှိခြင်း မဟုတ်လျှင် ထိုစာရွက်စာတမ်း၏ စာရွက်မိတ္တူကို ပေးအပ်ရန် တာဝန်မရှိစေရ။

(င) နည်းဥပဒေခွဲ (က)၊ နည်းဥပဒေခွဲငယ် (၃) အရ တောင်းခံချက်ရရှိသည့် ရာထူးလက်ရှိ ဖြစ်သူသည်-

(၁) ဝက်ဘ်ဆိုက်တွင် ရရှိနိုင်သော စာရွက်စာတမ်းဖြစ်ပါက တောင်းခံချက်ရရှိပြီး အလုပ်လုပ်ကိုင်ရက် ၅ ရက်အတွင်း အခကြေးငွေမယူဘဲ လက်ခံသူထံ စာရွက်စာတမ်း၏ စာရွက်မိတ္တူကို ပေးပို့ရမည်ဖြစ်ပြီး၊

(၂) အနာဂတ်တွင် ဖြစ်ပေါ်လာမည့် စာရွက်စာတမ်းများ အားလုံးနှင့်စပ်လျဉ်း၍ ဥပဒေနှင့် နည်းဥပဒေများတွင် ယင်းစာရွက်စာတမ်းများကို ပေးအပ်ရန် လိုအပ်ချက်များနှင့်အညီ ယင်းစာရွက်စာတမ်းကို ပေးအပ်ရမည်။

(စ) နည်းဥပဒေခွဲ (က)၊ နည်းဥပဒေခွဲငယ် (၁) အရ ဖော်ပြချက်နှင့်သက်ဆိုင်သည့် စာရွက်စာတမ်းသည်-

(၁) လူမွဲခံယူခြင်းဆိုင်ရာ စီမံဆောင်ရွက်မှု ပြီးဆုံးပြီးနောက် သို့မဟုတ် ထိုစီမံဆောင်ရွက်မှုတွင် ရာထူးလက်ရှိဖြစ်သူအဖြစ် နောက်ဆုံးဆောင်ရွက်ခဲ့သူသည် တာဝန်မှ ရပ်နားပြီးနောက်ပိုင်း ၂ လအထိ ဝက်ဘ်ဆိုက်တွင် ဆက်လက်တည်ရှိနေရမည်ဖြစ်ပြီး၊

(၂) အီလက်ထရောနစ် တောင်းခံချက် ပြုလုပ်မှု၏ သင့်လျော်သည့် အချိန်အတွင်း ရယူနိုင်သည့် အနေအထားတွင်ရှိရမည်။

(ဆ) စာရွက်စာတမ်းကို ဤနည်းဥပဒေအရ တစ်ဦးတစ်ယောက်ထံ ဝက်ဘ်ဆိုက်မှတစ်ဆင့် ပေးပို့ပါက အောက်ပါအခြေအနေတစ်ရပ်ရပ်တွင် ပေးပို့ပြီးဖြစ်သည်ဟု မှတ်ယူရမည်-

(၁) သက်ဆိုင်ရာ စာရွက်စာတမ်းကို ပထမဦးစွာ ဝက်ဘ်ဆိုက်တွင် ရယူနိုင်ရန် ပြုလုပ်ထားသည့် အခါ သို့မဟုတ်

(၂) နောက်ကျမှ ဆောင်ရွက်ချက်ဖြစ်စေကာမူ နည်းဥပဒေခွဲ (က) အရ အကြောင်းကြားစာကို ထိုသူထံ ပေးအပ်ခဲ့ပြီးဖြစ်လျှင်။

(ဇ) အနာဂတ်တွင် ဖြစ်ပေါ်လာမည့် စာရွက်စာတမ်းများအားလုံးကို စာရွက်မိတ္တူပေးရန် နည်းဥပဒေခွဲ (က)၊ နည်းဥပဒေခွဲငယ် (၃)၊ နည်းဥပဒေခွဲငယ်စိတ် (ကက) အရ တောင်းခံချက် ပြုလုပ်သူသည် နည်းဥပဒေခွဲ (ဆ) နှင့် သက်ဆိုင်ခြင်းမရှိစေရ။

[ **ဆက်လက်ဖော်ပြပါမည်။** ]

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၁၁၁/၂၀၂၀)

၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၀ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂၉ ရက်)

### ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များ သတ်မှတ်ကြေညာခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၁၀ (ဃ) နှင့် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၄ တို့အရ ၂၀၂၀ ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် ပြည်ထောင်စုတစ်ဝန်းလုံးရှိ မြို့နယ် ၃၃၀ ကို ပူးတွဲပါဇယားအတိုင်း တစ်မြို့နယ်လျှင် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် တစ်နယ်အဖြစ် သတ်မှတ်ကြေညာလိုက်သည်။

**ပူးတွဲ-** ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် (၃၃၀) နယ်

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် သတ်မှတ်ထားသည့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များ

| စဉ် | မြို့နယ်အမည်နှင့် မဲဆန္ဒနယ် | | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်တွင် ပါဝင်သည့် နယ်မြေများစာရင်း | |
|---|---|---|---|---|
| | **ကချင်ပြည်နယ်** | | | |
| ၁ | ခေါင်လန်ဖူးမြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ခေါင်လန်ဖူးမြို့နယ် | တစ်ခုလုံး |
| ၂ | ဆွမ်ပရာဘွမ်မြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဆွမ်ပရာဘွမ်မြို့နယ် | တစ်ခုလုံး |
| ၃ | နောင်မွန်းမြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | နောင်မွန်းမြို့နယ် | တစ်ခုလုံး |
| ၄ | ပူတာအိုမြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ပူတာအိုမြို့နယ် | တစ်ခုလုံး |
| ၅ | မချမ်းဘောမြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မချမ်းဘောမြို့နယ် | တစ်ခုလုံး |
| ၆ | ဗန်းမော်မြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဗန်းမော်မြို့နယ် | တစ်ခုလုံး |
| ၇ | မံစီမြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မံစီမြို့နယ် | တစ်ခုလုံး |
| ၈ | မိုးမောက်မြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မိုးမောက်မြို့နယ် | တစ်ခုလုံး |
| ၉ | ရွှေကူမြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ရွှေကူမြို့နယ် | တစ်ခုလုံး |
| ၁၀ | ဖားကန့်မြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဖားကန့်မြို့နယ် | တစ်ခုလုံး |
| ၁၁ | မိုးကောင်းမြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မိုးကောင်းမြို့နယ် | တစ်ခုလုံး |
| ၁၂ | မိုးညှင်းမြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မိုးညှင်းမြို့နယ် | တစ်ခုလုံး |
| ၁၃ | ချီဖွေမြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ချီဖွေမြို့နယ် | တစ်ခုလုံး |
| ၁၄ | ဆော့လော်မြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဆော့လော်မြို့နယ် | တစ်ခုလုံး |
| ၁၅ | တနိုင်းမြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | တနိုင်းမြို့နယ် | တစ်ခုလုံး |
| ၁၆ | မြစ်ကြီးနားမြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မြစ်ကြီးနားမြို့နယ် | တစ်ခုလုံး |
| ၁၇ | ဝိုင်းမော်မြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဝိုင်းမော်မြို့နယ် | တစ်ခုလုံး |
| ၁၈ | အင်ဂျန်းယန်မြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | အင်ဂျန်းယန်မြို့နယ် | တစ်ခုလုံး |
| | **ကယားပြည်နယ်** | | | |
| ၁၉ | ဖားဆောင်းမြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဖားဆောင်းမြို့နယ် | တစ်ခုလုံး |
| ၂၀ | ဘောလခဲမြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဘောလခဲမြို့နယ် | တစ်ခုလုံး |
| ၂၁ | မယ်စဲမြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မယ်စဲမြို့နယ် | တစ်ခုလုံး |
| ၂၂ | ဒီးမော့ဆိုမြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဒီးမော့ဆိုမြို့နယ် | တစ်ခုလုံး |
| ၂၃ | ဖရူဆိုမြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဖရူဆိုမြို့နယ် | တစ်ခုလုံး |
| ၂၄ | ရှားတောမြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ရှားတောမြို့နယ် | တစ်ခုလုံး |
| ၂၅ | လွိုင်ကော်မြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | လွိုင်ကော်မြို့နယ် | တစ်ခုလုံး |
| | **ကရင်ပြည်နယ်** | | | |
| ၂၆ | ကော့ကရိတ်မြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ကော့ကရိတ်မြို့နယ် | တစ်ခုလုံး |
| ၂၇ | ကြာအင်းဆိပ်ကြီးမြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ကြာအင်းဆိပ်ကြီးမြို့နယ် | တစ်ခုလုံး |
| ၂၈ | ဖာပွန်မြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဖာပွန်မြို့နယ် | တစ်ခုလုံး |
| ၂၉ | ဘားအံမြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဘားအံမြို့နယ် | တစ်ခုလုံး |
| ၃၀ | လှိုင်းဘွဲ့မြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | လှိုင်းဘွဲ့မြို့နယ် | တစ်ခုလုံး |
| ၃၁ | သံတောင်ကြီးမြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | သံတောင်ကြီးမြို့နယ် | တစ်ခုလုံး |
| ၃၂ | မြဝတီမြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မြဝတီမြို့နယ် | တစ်ခုလုံး |
| | **ချင်းပြည်နယ်** | | | |
| ၃၃ | တီးတိန်မြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | တီးတိန်မြို့နယ် | တစ်ခုလုံး |
| ၃၄ | တွန်းဇံမြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | တွန်းဇံမြို့နယ် | တစ်ခုလုံး |
| ၃၅ | ဖလမ်းမြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဖလမ်းမြို့နယ် | တစ်ခုလုံး |
| ၃၆ | ကန်ပက်လက်မြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ကန်ပက်လက်မြို့နယ် | တစ်ခုလုံး |
| ၃၇ | မင်းတပ်မြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မင်းတပ်မြို့နယ် | တစ်ခုလုံး |
| ၃၈ | ပလက်ဝမြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ပလက်ဝမြို့နယ် | တစ်ခုလုံး |
| ၃၉ | မတူပီမြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မတူပီမြို့နယ် | တစ်ခုလုံး |
| ၄၀ | ထန်တလန်မြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ထန်တလန်မြို့နယ် | တစ်ခုလုံး |
| ၄၁ | ဟားခါးမြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဟားခါးမြို့နယ် | တစ်ခုလုံး |

| စဉ် | မြို့နယ်အမည်နှင့် မဲဆန္ဒနယ် | | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်တွင် ပါဝင်သည့် နယ်မြေများစာရင်း | |
|---|---|---|---|---|
| | **စစ်ကိုင်းတိုင်းဒေသကြီး** | | | |
| ၄၂ | ကလေးမြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ကလေးမြို့နယ် | တစ်ခုလုံး |
| ၄၃ | ကလေးဝမြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ကလေးဝမြို့နယ် | တစ်ခုလုံး |
| ၄၄ | မင်းကင်းမြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မင်းကင်းမြို့နယ် | တစ်ခုလုံး |
| ၄၅ | ကသာမြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ကသာမြို့နယ် | တစ်ခုလုံး |
| ၄၆ | ထီးချိုင့်မြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ထီးချိုင့်မြို့နယ် | တစ်ခုလုံး |
| ၄၇ | ဗန်းမောက်မြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဗန်းမောက်မြို့နယ် | တစ်ခုလုံး |
| ၄၈ | အင်းတော်မြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | အင်းတော်မြို့နယ် | တစ်ခုလုံး |
| ၄၉ | ကောလင်းမြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ကောလင်းမြို့နယ် | တစ်ခုလုံး |
| ၅၀ | ဝန်းသိုမြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဝန်းသိုမြို့နယ် | တစ်ခုလုံး |
| ၅၁ | ပင်လည်ဘူးမြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ပင်လည်ဘူးမြို့နယ် | တစ်ခုလုံး |
| ၅၂ | ကန့်ဘလူမြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ကန့်ဘလူမြို့နယ် | တစ်ခုလုံး |
| ၅၃ | ကျွန်းလှမြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ကျွန်းလှမြို့နယ် | တစ်ခုလုံး |
| ၅၄ | လေရှီးမြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | လေရှီးမြို့နယ် | တစ်ခုလုံး |
| ၅၅ | လဟယ်မြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | လဟယ်မြို့နယ် | တစ်ခုလုံး |
| ၅၆ | နန်းယွန်းမြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | နန်းယွန်းမြို့နယ် | တစ်ခုလုံး |
| ၅၇ | ခန္တီးမြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ခန္တီးမြို့နယ် | တစ်ခုလုံး |
| ၅၈ | ဟုမ္မလင်းမြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဟုမ္မလင်းမြို့နယ် | တစ်ခုလုံး |
| ၅၉ | စစ်ကိုင်းမြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | စစ်ကိုင်းမြို့နယ် | တစ်ခုလုံး |
| ၆၀ | မြင်းမူမြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မြင်းမူမြို့နယ် | တစ်ခုလုံး |
| ၆၁ | မြောင်မြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မြောင်မြို့နယ် | တစ်ခုလုံး |
| ၆၂ | တမူးမြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | တမူးမြို့နယ် | တစ်ခုလုံး |
| ၆၃ | ချောင်းဦးမြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ချောင်းဦးမြို့နယ် | တစ်ခုလုံး |
| ၆၄ | ဘုတလင်မြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဘုတလင်မြို့နယ် | တစ်ခုလုံး |
| ၆၅ | မုံရွာမြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မုံရွာမြို့နယ် | တစ်ခုလုံး |
| ၆၆ | အရာတော်မြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | အရာတော်မြို့နယ် | တစ်ခုလုံး |
| ၆၇ | ဖောင်းပြင်မြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဖောင်းပြင်မြို့နယ် | တစ်ခုလုံး |
| ၆၈ | မော်လိုက်မြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မော်လိုက်မြို့နယ် | တစ်ခုလုံး |
| ၆၉ | ကနီမြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ကနီမြို့နယ် | တစ်ခုလုံး |
| ၇၀ | ဆားလင်းကြီးမြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဆားလင်းကြီးမြို့နယ် | တစ်ခုလုံး |
| ၇၁ | ပုလဲမြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ပုလဲမြို့နယ် | တစ်ခုလုံး |
| ၇၂ | ယင်းမာပင်မြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ယင်းမာပင်မြို့နယ် | တစ်ခုလုံး |
| ၇၃ | ခင်ဦးမြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ခင်ဦးမြို့နယ် | တစ်ခုလုံး |
| ၇၄ | ဒီပဲယင်းမြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဒီပဲယင်းမြို့နယ် | တစ်ခုလုံး |
| ၇၅ | ရွှေဘိုမြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ရွှေဘိုမြို့နယ် | တစ်ခုလုံး |
| ၇၆ | ဝက်လက်မြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဝက်လက်မြို့နယ် | တစ်ခုလုံး |
| ၇၇ | တန့်ဆည်မြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | တန့်ဆည်မြို့နယ် | တစ်ခုလုံး |
| ၇၈ | ရေဦးမြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ရေဦးမြို့နယ် | တစ်ခုလုံး |
| | **တနင်္သာရီတိုင်းဒေသကြီး** | | | |
| ၇၉ | ကော့သောင်းမြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ကော့သောင်းမြို့နယ် | တစ်ခုလုံး |
| ၈၀ | ဘုတ်ပြင်းမြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဘုတ်ပြင်းမြို့နယ် | တစ်ခုလုံး |
| ၈၁ | ထားဝယ်မြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ထားဝယ်မြို့နယ် | တစ်ခုလုံး |
| ၈၂ | ရေဖြူမြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ရေဖြူမြို့နယ် | တစ်ခုလုံး |
| ၈၃ | လောင်းလုံးမြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | လောင်းလုံးမြို့နယ် | တစ်ခုလုံး |
| ၈၄ | သရက်ချောင်းမြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | သရက်ချောင်းမြို့နယ် | တစ်ခုလုံး |

| စဉ် | မြို့နယ်အမည်နှင့် မဲဆန္ဒနယ် | | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်တွင် ပါဝင်သည့် နယ်မြေများစာရင်း | |
|---|---|---|---|---|
| | **တနင်္သာရီတိုင်းဒေသကြီးမှအဆက်** | | | |
| ၈၅ | ကျွန်းစုမြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ကျွန်းစုမြို့နယ် | တစ်ခုလုံး |
| ၈၆ | တနင်္သာရီမြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | တနင်္သာရီမြို့နယ် | တစ်ခုလုံး |
| ၈၇ | ပုလောမြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ပုလောမြို့နယ် | တစ်ခုလုံး |
| ၈၈ | မြိတ်မြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မြိတ်မြို့နယ် | တစ်ခုလုံး |
| | **ပဲခူးတိုင်းဒေသကြီး** | | | |
| ၈၉ | ကျောက်ကြီးမြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ကျောက်ကြီးမြို့နယ် | တစ်ခုလုံး |
| ၉၀ | တောင်ငူမြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | တောင်ငူမြို့နယ် | တစ်ခုလုံး |
| ၉၁ | ထန်းတပင်မြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ထန်းတပင်မြို့နယ် | တစ်ခုလုံး |
| ၉၂ | ဖြူးမြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဖြူးမြို့နယ် | တစ်ခုလုံး |
| ၉၃ | ရေတာရှည်မြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ရေတာရှည်မြို့နယ် | တစ်ခုလုံး |
| ၉၄ | အုတ်တွင်းမြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | အုတ်တွင်းမြို့နယ် | တစ်ခုလုံး |
| ၉၅ | ကဝမြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ကဝမြို့နယ် | တစ်ခုလုံး |
| ၉၆ | ကျောက်တံခါးမြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ကျောက်တံခါးမြို့နယ် | တစ်ခုလုံး |
| ၉၇ | ညောင်လေးပင်မြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ညောင်လေးပင်မြို့နယ် | တစ်ခုလုံး |
| ၉၈ | ဒိုက်ဦးမြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဒိုက်ဦးမြို့နယ် | တစ်ခုလုံး |
| ၉၉ | ပဲခူးမြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ပဲခူးမြို့နယ် | တစ်ခုလုံး |
| ၁၀၀ | ရွှေကျင်မြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ရွှေကျင်မြို့နယ် | တစ်ခုလုံး |
| ၁၀၁ | ဝေါမြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဝေါမြို့နယ် | တစ်ခုလုံး |
| ၁၀၂ | သနပ်ပင်မြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | သနပ်ပင်မြို့နယ် | တစ်ခုလုံး |
| ၁၀၃ | ပေါက်ခေါင်းမြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ပေါက်ခေါင်းမြို့နယ် | တစ်ခုလုံး |
| ၁၀၄ | ပေါင်းတည်မြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ပေါင်းတည်မြို့နယ် | တစ်ခုလုံး |
| ၁၀၅ | ပန်းတောင်းမြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ပန်းတောင်းမြို့နယ် | တစ်ခုလုံး |
| ၁၀၆ | ပြည်မြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ပြည်မြို့နယ် | တစ်ခုလုံး |
| ၁၀၇ | ရွှေတောင်မြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ရွှေတောင်မြို့နယ် | တစ်ခုလုံး |
| ၁၀၈ | သဲကုန်းမြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | သဲကုန်းမြို့နယ် | တစ်ခုလုံး |
| ၁၀၉ | ကြို့ပင်ကောက်မြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ကြို့ပင်ကောက်မြို့နယ် | တစ်ခုလုံး |
| ၁၁၀ | ဇီးကုန်းမြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဇီးကုန်းမြို့နယ် | တစ်ခုလုံး |
| ၁၁၁ | နတ်တလင်းမြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | နတ်တလင်းမြို့နယ် | တစ်ခုလုံး |
| ၁၁၂ | မိုးညိုမြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မိုးညိုမြို့နယ် | တစ်ခုလုံး |
| ၁၁၃ | မင်းလှမြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မင်းလှမြို့နယ် | တစ်ခုလုံး |
| ၁၁၄ | လက်ပံတန်းမြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | လက်ပံတန်းမြို့နယ် | တစ်ခုလုံး |
| ၁၁၅ | သာယာဝတီမြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | သာယာဝတီမြို့နယ် | တစ်ခုလုံး |
| ၁၁၆ | အုတ်ဖိုမြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | အုတ်ဖိုမြို့နယ် | တစ်ခုလုံး |
| | **မကွေးတိုင်းဒေသကြီး** | | | |
| ၁၁၇ | ဂန့်ဂေါမြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဂန့်ဂေါမြို့နယ် | တစ်ခုလုံး |
| ၁၁၈ | ဆောမြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဆောမြို့နယ် | တစ်ခုလုံး |
| ၁၁၉ | ထီးလင်းမြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ထီးလင်းမြို့နယ် | တစ်ခုလုံး |
| ၁၂၀ | ဆိပ်ဖြူမြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဆိပ်ဖြူမြို့နယ် | တစ်ခုလုံး |
| ၁၂၁ | ပခုက္ကူမြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ပခုက္ကူမြို့နယ် | တစ်ခုလုံး |
| ၁၂၂ | ပေါက်မြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ပေါက်မြို့နယ် | တစ်ခုလုံး |
| ၁၂၃ | မြိုင်မြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မြိုင်မြို့နယ် | တစ်ခုလုံး |
| ၁၂၄ | ရေစကြိုမြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ရေစကြိုမြို့နယ် | တစ်ခုလုံး |
| ၁၂၅ | ချောက်မြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ချောက်မြို့နယ် | တစ်ခုလုံး |
| ၁၂၆ | တောင်တွင်းကြီးမြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | တောင်တွင်းကြီးမြို့နယ် | တစ်ခုလုံး |

| စဉ် | မြို့နယ်အမည်နှင့် မဲဆန္ဒနယ် | | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်တွင် ပါဝင်သည့် နယ်မြေများစာရင်း | |
|---|---|---|---|---|
| | **မကွေးတိုင်းဒေသကြီးမှအဆက်** | | | |
| ၁၂၇ | နတ်မောက်မြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | နတ်မောက်မြို့နယ် | တစ်ခုလုံး |
| ၁၂၈ | မကွေးမြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မကွေးမြို့နယ် | တစ်ခုလုံး |
| ၁၂၉ | မြို့သစ်မြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မြို့သစ်မြို့နယ် | တစ်ခုလုံး |
| ၁၃၀ | ရေနံချောင်းမြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ရေနံချောင်းမြို့နယ် | တစ်ခုလုံး |
| ၁၃၁ | ငဖဲမြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ငဖဲမြို့နယ် | တစ်ခုလုံး |
| ၁၃၂ | စလင်းမြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | စလင်းမြို့နယ် | တစ်ခုလုံး |
| ၁၃၃ | စေတုတ္တရာမြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | စေတုတ္တရာမြို့နယ် | တစ်ခုလုံး |
| ၁၃၄ | ပွင့်ဖြူမြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ပွင့်ဖြူမြို့နယ် | တစ်ခုလုံး |
| ၁၃၅ | မင်းဘူးမြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မင်းဘူးမြို့နယ် | တစ်ခုလုံး |
| ၁၃၆ | ကံမမြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ကံမမြို့နယ် | တစ်ခုလုံး |
| ၁၃၇ | ဆင်ပေါင်ဝဲမြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဆင်ပေါင်ဝဲမြို့နယ် | တစ်ခုလုံး |
| ၁၃၈ | မင်းတုန်းမြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မင်းတုန်းမြို့နယ် | တစ်ခုလုံး |
| ၁၃၉ | မင်းလှမြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မင်းလှမြို့နယ် | တစ်ခုလုံး |
| ၁၄၀ | သရက်မြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | သရက်မြို့နယ် | တစ်ခုလုံး |
| ၁၄၁ | အောင်လံမြို့နယ် | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | အောင်လံမြို့နယ် | တစ်ခုလုံး |

[ **ဆက်လက်ဖော်ပြပါမည်။** ]

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### ကြေညာချက်အမှတ် (၁၃၉/၂၀၂၀)

၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၄ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၃ ရက်)

**နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်၍ ပါတီအား ဖျက်သိမ်းခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် **ပြည်သူ့ဒီမိုကရေစီပါတီ (People Democracy Party)** ကို မှတ်ပုံတင်အမှတ် (၄၃)၊ ၂၃-၉-၂၀၁၁ ရက်စွဲပါ ကြေညာချက်အမှတ် (၄၉/၂၀၁၁) ဖြင့် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခဲ့ပါသည်။

၂။ **ပြည်သူ့ဒီမိုကရေစီပါတီ (People Democracy Party)** ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းအား ၁၈-၇-၂၀၁၇ ရက်နေ့မှ ၁၇-၇-၂၀၂၀ ရက်နေ့အထိ ၃ နှစ် ယာယီရပ်ဆိုင်း၍ ပါတီတွင်းကိစ္စရပ်များအား ပြေလည်အောင် ဖြေရှင်းဆောင်ရွက်သွားရန် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၄ (ဂ) နှင့်အညီ ညွှန်ကြားခဲ့ပါသည်။ သို့ရာတွင် ရပ်ဆိုင်းထားသည့်ကာလ ကုန်ဆုံးသည်အထိ ပါတီတွင်းကိစ္စရပ်များအား ပြေလည်အောင် ဖြေရှင်းဆောင်ရွက်ခြင်းမရှိသည့်အပြင် ပါတီဖွဲ့စည်းပုံစည်းမျဉ်းနှင့်အညီ ပါတီဥက္ကဋ္ဌ တစ်ဦးအား ပါတီညီလာခံကျင်းပပြုလုပ်၍ ရွေးချယ်တင်မြှောက်ခြင်းတို့ကို ကော်မရှင်က ညွှန်ကြားသည့်အတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း စိစစ်တွေ့ရှိရပါသဖြင့် ၂၃-၇-၂၀၂၀ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် စုံညီလုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၂၄/၂၀၂၀) ၌ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၄ (င) အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်၍ ပါတီကို ဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားသည့် **ပြည်သူ့ဒီမိုကရေစီပါတီ (People Democracy Party)** ကို ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၃ ရက်နေ့မှစ၍ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်၍ ပါတီအား ဖျက်သိမ်းလိုက်သည်။

လှသိန်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြည်ထဲရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၉၉/၂၀၂၀)**

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ၆ ရက်

(၂၀၂၀ ပြည့်နှစ်၊ မေလ ၂၇ ရက်)

**နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်ရဲတပ်ဖွဲ့များမှ**
**ရဲကင်းစခန်း ၁၃ ခု တို့အား အဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်း**

၂၀၂၀ ပြည့်နှစ်၊ မေလ ၁၄ ရက် (ကြာသပတေး) နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၉/၂၀၂၀) မှ သဘောတူခွင့်ပြုချက်အရ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်ရဲတပ်ဖွဲ့များမှ အောက်ဖော်ပြပါ ရဲကင်းစခန်း ၁၃ ခုတို့၏ လက်ရှိဖွဲ့စည်းပုံကို ၁ ခုလျှင် လက်ရှိ အမှုထမ်းရာထူး ၁၈ နေရာစီဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိရာမှ အမှုထမ်းရာထူး ၂၇ နေရာစီ ထပ်မံတိုးချဲ့၍ အမှုထမ်းရာထူး ၄၅ နေရာစီပါဝင်သော နယ်မြေရဲစခန်းများအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ပြုလိုက်သည်-

(၁) ကယားပြည်နယ်၊ လွိုင်ကော်ခရိုင်၊ လွိုင်ကော်မြို့နယ်၊ လွိုင်လင်လေးရဲကင်းစခန်း၊
(၂) ကယားပြည်နယ်၊ လွိုင်ကော်ခရိုင်၊ ဒီးမော့ဆိုမြို့နယ်၊ နန်းမယ်ခုံရဲကင်းစခန်း၊
(၃) ကရင်ပြည်နယ်၊ ဘားအံခရိုင်၊ ဘားအံမြို့နယ်၊ မြိုင်ကလေးရဲကင်းစခန်း၊
(၄) ချင်းပြည်နယ်၊ ဟားခါးခရိုင်၊ ဟားခါးမြို့နယ်၊ ဆူရ်ခွားရဲကင်းစခန်း၊
(၅) ချင်းပြည်နယ်၊ မင်းတပ်ခရိုင်၊ မင်းတပ်မြို့နယ်၊ မကွီအိမ်နူးရဲကင်းစခန်း၊
(၆) ချင်းပြည်နယ်၊ ဖလမ်းခရိုင်၊ ဖလမ်းမြို့နယ်၊ ဝေဘူလရဲကင်းစခန်း၊
(၇) စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ဒီပဲယင်းမြို့နယ်၊ စိုင်ပြင်ရဲကင်းစခန်း၊
(၈) ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ နတ်တလင်းမြို့နယ်၊ တောင်ညိုရဲကင်းစခန်း၊
(၉) မွန်ပြည်နယ်၊ သထုံခရိုင်၊ ပေါင်မြို့နယ်၊ ဇင်းကျိုက်မြို့၊ ဇင်းကျိုက်ရဲကင်းစခန်း၊
(၁၀) ရှမ်းပြည်နယ်၊ တာချီလိတ်ခရိုင်၊ တာချီလိတ်မြို့နယ်၊ ဟောင်လိတ်ရဲကင်းစခန်း၊
(၁၁) ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ပန်းတနော်မြို့နယ်၊ မင်းဂရုရဲကင်းစခန်း၊
(၁၂) ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ မြန်အောင်မြို့နယ်၊ ကနောင်မြို့၊ ကနောင်ရဲကင်းစခန်း၊
(၁၃) ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ လေးမျက်နှာမြို့နယ်၊ သဲနုကုန်းရဲကင်းစခန်း။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၃၀၀/၂၀၂၀)**

**နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်ရဲတပ်ဖွဲ့များမှ**
**ဖွင့်ရန်ကျန် နယ်မြေရဲစခန်း ၃ ခုနှင့် ရဲကင်းစခန်း ၉ ခုတို့အား ခုနှိမ်ဖွင့်လှစ်ခြင်း**

၂၀၂၀ ပြည့်နှစ်၊ မေလ ၁၄ ရက် (ကြာသပတေး) နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၉/၂၀၂၀) မှ သဘောတူခွင့်ပြုချက်အရ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်ရဲတပ်ဖွဲ့များတွင် ဖွင့်လှစ်ရန်ကျန်ရှိနေသည့် ရဲစခန်းများအနက်မှ နယ်မြေရဲစခန်း ၃ ခုနှင့် ရဲကင်းစခန်း ၉ ခုတို့အား အောက်ဖော်ပြပါအတိုင်း ခုနှိမ်ပြောင်းရွှေ့ဖွင့်လှစ်ခွင့်ပြုလိုက်သည်-

(က) **နယ်မြေရဲစခန်း ၃ ခု**

(၁) ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်၊ တနိုင်းမြို့နယ်၊ ကျားထိန်းသိမ်းရေး နယ်မြေရဲစခန်း **မှ** ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့နယ်၊ ပလနနယ်မြေရဲစခန်း

(၂) ရခိုင်ပြည်နယ်၊ မောင်တောခရိုင်၊ မောင်တောမြို့နယ်၊ ကျီးကန်းပြင်နယ်မြေရဲစခန်း မှ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးခရိုင်၊ ခန္တီးမြို့နယ်၊ နန်းစီပွန်နယ်မြေရဲစခန်း

(၃) ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ လှိုင်သာယာမြို့နယ်၊ အင်းစိန်အမှတ် (၂) (ကစင်) နယ်မြေရဲစခန်း မှ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ဗန်းစက်မှုဇုန်နယ်မြေရဲစခန်း

(ခ) **ရဲကင်းစခန်း ၉ ခု**

(၁) ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်၊ အင်ဂျန်းယန်မြို့နယ်၊ မလွန်ရဲကင်းစခန်း မှ ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ ဖားကန့်မြို့နယ်၊ ဆိပ်မူရဲကင်းစခန်း

(၂) ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်၊ အင်ဂျန်းယန်မြို့နယ်၊ နွယ်ရောင်တောင်ရဲကင်းစခန်း မှ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ သပိတ်ကျင်းမြို့နယ်၊ ဇရပ်ကွင်းရဲကင်းစခန်း

(၃) ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်၊ ဆော့လော်မြို့နယ်၊ ဖောင်းဂျာရဲကင်းစခန်း မှ ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ကျိုက်လတ်မြို့နယ်၊ ပေချောင်ရဲကင်းစခန်း

(၄) ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်၊ ချီဖွေမြို့နယ်၊ လော်ခေါင်ရဲကင်းစခန်း မှ နေပြည်တော်၊ ဒက္ခိဏခရိုင်၊ လယ်ဝေးမြို့နယ် ဥသျှစ်လှိုင်းရဲကင်းစခန်း

(၅) ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်၊ ချီဖွေမြို့နယ်၊ ထော့ဂေါ်ရဲကင်းစခန်း မှ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ သာစည်မြို့နယ်၊ ညောင်ရမ်းရဲကင်းစခန်း

(၆) ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်၊ တနိုင်းမြို့နယ်၊ ဒူဘန်ဘာရဲကင်းစခန်း မှ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ကျုံပျော်မြို့နယ်၊ ရေစခန်းရဲကင်းစခန်း

(၇) ကရင်ပြည်နယ်၊ ဘားအံခရိုင်၊ ဖာပွန်မြို့နယ်၊ ဒါးကွင်းရဲကင်းစခန်း မှ စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ယင်းမာပင်မြို့နယ်၊ အောင်ဇေယျရဲကင်းစခန်း

(၈) ရခိုင်ပြည်နယ်၊ စစ်တွေခရိုင်၊ ရသေ့တောင်မြို့နယ်၊ ကျောက်တန်းရဲကင်းစခန်း မှ နေပြည်တော်၊ ဒက္ခိဏခရိုင်၊ လယ်ဝေးမြို့နယ်၊ ဒလန့်ချွန်ရဲကင်းစခန်း

(၉) တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ ပုလောမြို့နယ်၊ ကျောက်လုံးကြီးရဲကင်းစခန်း မှ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ ပုလောမြို့နယ်၊ ပလမြို့ ပလရဲကင်းစခန်း

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၃၀၁/၂၀၂၀)

### မီးသတ်ဦးစီးဌာန၊ မတူပီခရိုင်နှင့် ကောလင်းခရိုင်တို့တွင် ခရိုင်မီးသတ်ဦးစီးမှူးရုံးနှင့် ခရိုင်မီးသတ်စခန်းတို့အား အသစ်တိုးချဲ့ဖွဲ့စည်းခွင့်ပြုခြင်း

၂၀၂၀ ပြည့်နှစ်၊ မေလ ၁၄ ရက် (ကြာသပတေး) နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၉/၂၀၂၀) မှ သဘောတူခွင့်ပြုချက်အရ မီးသတ်ဦးစီးဌာန၊ မတူပီခရိုင်နှင့် ကောလင်းခရိုင်တို့တွင် ခရိုင်မီးသတ်ဦးစီးမှူးရုံးအား ၁ ရုံးလျှင် အရာထမ်းရာထူး ၂ နေရာ၊ အမှုထမ်းရာထူး ၉ နေရာ စုစုပေါင်းရာထူး ၁၁ နေရာစီဖြင့်လည်းကောင်း၊ ခရိုင်မီးသတ်စခန်းအား ၁ စခန်းလျှင် အရာထမ်းရာထူး ၁ နေရာ၊ အမှုထမ်းရာထူး ၄၈ နေရာ စုစုပေါင်းရာထူး ၄၉ နေရာစီဖြင့်လည်းကောင်း အသစ်တိုးချဲ့ဖွဲ့စည်းခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၃၀၃/၂၀၂၀)

နိုင်ငံတော်သမ္မတရုံး၏ ၂၀၂၀ ပြည့်နှစ်၊ မေလ ၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၇၃/၂၀၂၀ အရ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးခိုင်ထွန်းဦး အား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် ၂၀၂၀ ပြည့်နှစ်၊ မေလ ၂၇ ရက်နေ့မှစ၍ လက်ရှိရာထူးအဆင့် (ညွှန်ကြားရေးမှူးချုပ်) တွင် အတည်ပြုခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၃၀၄/၂၀၂၀)

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရဲရေးဌာနကြီး၊ ရဲစည်းကမ်းဥပဒေဌာနမှ ညွှန်ကြားရေးမှူး ရဲ ၂၁၁၂ ယာယီရဲမှူးကြီး စန်းဝင်း အား အစမ်းခန့်တိုးမြှင့်ကာလ (၁) နှစ်ပြည့်မြောက်သည့် ၂၀၂၀ ပြည့်နှစ်၊ မေလ ၂၀ ရက်နေ့မှစ၍ လက်ရှိရာထူးအဆင့် (ရဲမှူးကြီး) တွင် အတည်ပြုခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၃၀၅/၂၀၂၀)

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အောက်ဖော်ပြပါ ယာယီဒုတိယရဲမှူးကြီး (၆) ဦးတို့အား အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့် ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါ နေ့ရက်များမှစ၍ လက်ရှိရာထူးအဆင့် (ဒုတိယရဲမှူးကြီး) တွင် အတည်ပြုခန့်ထားလိုက်သည်-

(၁) ရဲ ၂၅၀၉ ယာယီဒုတိယရဲမှူးကြီး မြင့်ဆွေ — ၁၅-၅-၂၀၂၀
ဌာနခွဲမှူး၊ ဗဟိုလုပ်ငန်းများဌာနခွဲ
မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့

(၂) ရဲ ၂၇၃၇ ယာယီဒုတိယရဲမှူးကြီး လားလ်ဗဟာဒူး — ၂၀-၅-၂၀၂၀
တပ်ဖွဲ့ခွဲမှူး၊ အမှတ် (၂) ရထားရဲတပ်ဖွဲ့ခွဲ (ရန်ကုန်) ရထားရဲတပ်ဖွဲ့

(၃) ရဲ ၂၉၃၆ ယာယီဒုတိယရဲမှူးကြီး ထွန်းခိုင် — ၂၀-၅-၂၀၂၀
ခရိုင်ရဲတပ်ဖွဲ့မှူး၊ လားရှိုးခရိုင်၊ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့

(၄) ရဲ ၂၅၉၃ ယာယီဒုတိယရဲမှူးကြီး အောင်မိုး — ၂၀-၅-၂၀၂၀
ခရိုင်ရဲတပ်ဖွဲ့မှူး၊ ပြည်ခရိုင်၊ ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့

(၅) ရဲ ၂၇၅၅ ယာယီဒုတိယရဲမှူးကြီး အောင်မြင့်သိန်း — ၁၉-၅-၂၀၂၀
ခရိုင်ရဲတပ်ဖွဲ့မှူး၊ ကျောက်ဆည်ခရိုင်၊ မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့

(၆) ရဲ ၂၇၅၃ ယာယီဒုတိယရဲမှူးကြီး အောင်မြင့်နိုင် — ၂၀-၅-၂၀၂၀
တပ်ခွဲမှူး၊ အမှတ် (၂၆) လုံခြုံရေးရဲတပ်ဖွဲ့ခွဲ

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၃၀၆/၂၀၂၀)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အမှတ် (၄) ရဲလေ့ကျင့်ရေးကျောင်းမှ ဒုတိယကျောင်းအုပ်ကြီး ရဲ ၂၁၈၄ ဒုတိယရဲမှူးကြီး အေးသွင် အား ရဲမှူးကြီး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ယာယီတိုးမြှင့်ခန့်ထားပြီး ရဲအရာရှိအတတ်သင်ကျောင်းတွင် နည်းပြမှူးချုပ်အဖြစ် တာဝန်ပေးအပ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၃၁၂/၂၀၂၀)

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၂၀ ပြည့်နှစ်၊ မေလ ၄ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၂၀ ဖြင့် ပြည်ထဲရေးဝန်ကြီးဌာနသို့ လွှဲပြောင်းအမှုထမ်းဆောင်ခွင့်ပြုခဲ့သည့် အမှတ် (၁၁) စစ်မြေပြင်ဆေးတပ်ရင်းမှ ကြည်း ၅၁၆၆၅ ဗိုလ်ကြီး ကျော်သန်းထိုက် အား ၂၀၂၀ ပြည့်နှစ်၊ မေလ ၂၂ ရက်နေ့မှစ၍ ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာနတွင် လက်ထောက်ဆရာဝန်၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်ဖြင့် ခန့်အပ်လိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၃၁၄/၂၀၂၀)**

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁ ရက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အောက်ဖော်ပြပါ ယာယီရဲမှူး (၇) ဦးတို့အား အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့် ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါ နေ့ရက်များမှစ၍ လက်ရှိရာထူးအဆင့် (ရဲမှူး) တွင် အတည်ပြုခန့်ထားလိုက်သည်-

(၁) ရဲ ၄၀၈၆ ယာယီရဲမှူး သက်မောင် ၂၀-၅-၂၀၂၀
မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့

(၂) ရဲ ၄၆၉၂ ယာယီရဲမှူး ကိုကိုအောင် ၂၄-၅-၂၀၂၀
တနင်္သာရီတိုင်းဒေသကြီးရဲတပ်ဖွဲ့

(၃) ရဲ ၄၁၃၄ ယာယီရဲမှူး မြင့်သိန်း ၂၀-၅-၂၀၂၀
လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့

(၄) ရဲ ၄၀၈၂ ယာယီရဲမှူး မျိုးမြင့် ၁၄-၅-၂၀၂၀
ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့

(၅) ရဲ ၄၀၉၁ ယာယီရဲမှူး သန်းထွန်း ၂၀-၅-၂၀၂၀
မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့

(၆) ရဲ ၄၅၃၅ ယာယီရဲမှူး သီသီမော် ၁၇-၅-၂၀၂၀
မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရဲရေးဌာနကြီး

(၇) ရဲ ၄၅၆၆ ယာယီရဲမှူး သီတာဝင်း ၂၁-၅-၂၀၂၀
ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၃၁၅/၂၀၂၀)**

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အောက်ဖော်ပြပါ ယာယီရဲမှူး (၇) ဦးတို့အား အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့် ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါ နေ့ရက်များမှစ၍ လက်ရှိရာထူးအဆင့် (ရဲမှူး) တွင် အတည်ပြုခန့်ထားလိုက်သည်-

(၁) ရဲ ၄၆၃၁ ယာယီရဲမှူး သင်းသင်းရီ ၁၆-၅-၂၀၂၀
ရှမ်းပြည်နယ်ရဲတပ်ဖွဲ့

(၂) ရဲ ၄၇၈၅ ယာယီရဲမှူး ဆွေဆွေဝင်း ၁၆-၅-၂၀၂၀
ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့

(၃) ရဲ ၄၄၈၉ ယာယီရဲမှူး မြမြဝင်း ၁၆-၅-၂၀၂၀
ရဲအရာရှိအတတ်သင်ကျောင်း

(၄) ရဲ ၄၄၂၀ ယာယီရဲမှူး ခင်ချိုထွေး ၁၆-၅-၂၀၂၀
ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့

(၅) ရဲ ၄၆၃၀ ယာယီရဲမှူး ကြည်ကြည်ဝေ ၁၇-၅-၂၀၂၀
မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့

(၆) ရဲ ၄၄၇၀ ယာယီရဲမှူး ချိုချိုထွေး ၂၀-၅-၂၀၂၀
ဧရာဝတီတိုင်းဒေသကြီးရဲတပ်ဖွဲ့

(၇) ရဲ ၄၆၈၂ ယာယီရဲမှူး ရီရီသန်း ၂၀-၅-၂၀၂၀
စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့

ဒုတိယဗိုလ်ချုပ်ကြီးစိုးထွန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၂၀)**

၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၁၃ ရက်)

**ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအဖြစ် သတ်မှတ်ခြင်း**

၁။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသည် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေပုဒ်မ ၉ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ပုဂံ-ညောင်ဦးမြို့နယ်အတွင်းရှိ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသကို ယဉ်ကျေးမှုအမွေအနှစ်များ တည်ရှိရာဒေသ (Property Area) နှင့် ကြားခံဒေသ (Buffer Area) တို့ကို ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအဖြစ် အောက်ပါအတိုင်း တိုးချဲ့ပြင်ဆင်သတ်မှတ်လိုက်သည်-

| စဉ် | ဒေသအမျိုးအစား | နယ်နိမိတ်/နယ်မြေ | မှတ်ချက် |
|---|---|---|---|
| (က) | **ယဉ်ကျေးမှုအမွေအနှစ်များ တည်ရှိရာဒေသ-၆ (Property Area-6)** | - ဘုရားအမှတ်(၂၇၈၇) ကို အခြေပြု၍ အနောက်မြောက်ဘက်ပေ (၈၇ ပေ) ခန့်အကွာ MZ6-Extend-1 GPS အမှတ် (E-94˚ 52' 5.689" N-21˚7' 59.675")၊ အရှေ့မြောက်ဘက် (၆၁ ပေ) ခန့်အကွာ MZ6-Extend-2 GPS အမှတ် (E-94˚ 52' 7.053" N-21˚ 7' 59.816")၊ အရှေ့တောင်ဘက်ပေ (၁၃၉ ပေ) ခန့်အကွာ MZ6-Extend-3 GPS အမှတ် (E-94˚ 52' 7.062" N-21˚ 7' 58.105")၊ အနောက်တောင်ဘက် (၉၆ ပေ) ခန့်အကွာ MZ6-Extend-4 GPS အမှတ် (E-94˚ 52' 5.768" N-21˚ 7' 58.802") အတွင်းရှိ နယ်မြေဒေသများကို (ယဉ်ကျေးမှုအမွေအနှစ်များ တည်ရှိရာဒေသ - ၆) (Property Area-6) အဖြစ် တိုးချဲ့သတ်မှတ်သည်။ | မြေပုံ-၁ |
| (ခ) | **ယဉ်ကျေးမှုအမွေအနှစ်များ တည်ရှိရာဒေသ-၁ (Property Area-1)** | - ဘုရားအမှတ် (၁၀၁၄) ၏ အနောက်ဘက် (၂၄၇ ပေ) ခန့်အကွာ MZ7-Extend-1 GPS အမှတ် (E-94˚ 51' 55.699" N-21˚ 7' 43.63")၊ ဘုရားအမှတ် (၁၀၁၄) ၏ အရှေ့ဘက် (၆၄၃ ပေ) ခန့်အကွာ ရေအိုးစင်ချောင်းဘေး MZ7-Extend-2 GPS အမှတ် (E-94˚ 52' 5.158" N-21˚ 7' 42.657")၊ ယင်းမှ တောင်ဘက်သို့ ရေအိုးစင်ချောင်းအတိုင်း MZ7-Extend-3 GPS အမှတ် (E-94˚ 52' 9.643" N-21˚ 7' 36.521")၊ ယင်းမှ အနောက်ဘက်သို့ ဘုရားအမှတ် (၁၀၁၄) ၏ တောင်ဘက် (၆၇၂ ပေ) ခန့်အကွာ MZ7-Extend-4 GPS အမှတ် (E-94˚ 51' 8.807" N-21˚ 7' 36.34")၊ ယင်းမှအနောက်ဘက်သို့ ဘုရားအမှတ် (၁၀၁၄) ၏ အနောက်တောင်ဘက် (၇၅၅ ပေ) ခန့်အကွာ MZ7-Extend-5 GPS အမှတ် (E-94˚ 51' 55.732" N-21˚ 7' 35.918") အတွင်းရှိ နယ်မြေဒေသများကို ယဉ်ကျေးမှုအမွေအနှစ်များတည်ရှိရာဒေသ အဖြစ် တိုးချဲ့သတ်မှတ်လိုက်သည်။ ယင်းသို့ တိုးချဲ့သတ်မှတ်သဖြင့် တိုးချဲ့ထားသောဧရိယာအပါအဝင် ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံ တည်ရှိရာဇုန် (ယဉ်ကျေးမှုအမွေအနှစ်များတည်ရှိရာဒေသ - ၇) နှင့် ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံတည်ရှိရာဇုန် (ယဉ်ကျေးမှုအမွေအနှစ်များတည်ရှိရာဒေသ - ၁) တို့ တစ်ဆက်တစ်စပ်တည်းဖြစ်ခြင်းကြောင့် ယင်းနယ်မြေ (၃) ရပ်ပေါင်းအား (ယဉ်ကျေးမှုအမွေအနှစ်များတည်ရှိရာဒေသ - ၁) (Property Area-1) အဖြစ် ခေါ်ဝေါ်သတ်မှတ်သည်။ | မြေပုံ-၂ |

| စဉ် | ဒေသအမျိုးအစား | နယ်နိမိတ်/နယ်မြေ | မှတ်ချက် |
|---|---|---|---|
| (ဂ) | **ကြားခံဒေသ (Buffer Area)** | - ဘုရားအမှတ် (၂၂၃၈) ၏ တောင်ဘက် (၅၃၇၁ ပေ) ခန့်အကွာ PZ-Extend-1 GPS အမှတ် (E-94° 57' 2.765" N-21° 5' 14.46")၊ ယင်းမှမြောက်ဘက်သို့ နလဲတောချောင်းအတိုင်း PZ-Extend-2 GPS အမှတ် (E-94° 57' 8.786" N-21° 5' 6.867") အထိ၊ ယင်းမှ မြောက်ဘက်သို့ နလဲတောချောင်းအတိုင်း ဘုရားအမှတ် (၂၂၃၈) ၏ တောင်ဘက် (၁၄၆၁ ပေ) ခန့်အကွာ PZ-Extend-3 GPS အမှတ် (E-94° 57' 21.822" N-21° 5' 51.629") အထိ၊ ယင်းမှ အရှေ့ဘက်သို့ နလဲတောချောင်းအတိုင်း PZ-Extend-4 GPS အမှတ် (E-94° 57' 44.178" N-21° 5' 47.241") အထိ၊ ယင်းမှ နလဲတောချောင်းအတိုင်း တောင်ဘက်သို့ PZ-Extend-5 GPS အမှတ် (E-94° 58' 9.919" N-21° 5' 28.49") အတွင်းထိ နယ်မြေဒေသများကို ကြားခံဒေသ (Buffer Area) အဖြစ် တိုးချဲ့သတ်မှတ်သည်။ | မြေပုံ-၃ |

၂။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၁၈ ၌ ဖော်ပြသတ်မှတ်ထားသည့် ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ တည်ရှိရာဇုန် (ယဉ်ကျေးမှုအမွေအနှစ်များ တည်ရှိရာဒေသ - ၇) နှင့် ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ တည်ရှိရာဇုန် (ယဉ်ကျေးမှုအမွေအနှစ်များ တည်ရှိရာဒေသ - ၁) ကြားရှိ ကြားခံဒေသ (Buffer Area) အတွင်း ကျရောက်နေသည့်နေရာများကို ပေါင်းစပ်၍ (ယဉ်ကျေးမှုအမွေအနှစ်များ တည်ရှိရာဒေသ - ၁) (Property Area-1) အဖြစ် သတ်မှတ်၍လည်းကောင်း၊ မူလသတ်မှတ်ထားသည့် ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံတည်ရှိရာဇုန် (ယဉ်ကျေးမှုအမွေအနှစ်များတည်ရှိရာဒေသ - ၆) (Property Area-6) ကို ယင်းနှင့်ကပ်လျက်ရှိသည့် ကြားခံဒေသ (Buffer Area) အတွင်းနေရာကို ပေါင်းစပ်၍ (ယဉ်ကျေးမှုအမွေအနှစ်များ တည်ရှိရာဒေသ - ၆) (Property Area-6) အဖြစ်သတ်မှတ်၍လည်းကောင်း၊ နလဲတောချောင်း၏တောင်ဘက်၊ ဖိုးနီကန်ရွာ၏ မြောက်ဘက်ရှိဒေသကို ကြားခံဒေသ (Buffer Area) အတွင်း ဖြည့်စွက်၍လည်းကောင်း ပြင်ဆင်သတ်မှတ်မည် ဖြစ်ပြီး ကျန်နယ်နိမိတ်များသည် မူလထုတ်ပြန်ထားရှိပြီးသည့်အတိုင်း ဆက်လက်တည်ရှိနေမည်ဖြစ်ပါသည်။

၃။ အထက်ဖော်ပြပါ နယ်နိမိတ်ပိုင်းခြား သတ်မှတ်ချက်သည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ အမှုတွဲအမှတ်၊ ၂/၃-၁၁/ယဉ်ကျေးမှု(၄၉၈၂)၊ ရက်စွဲ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့တွင် ပါရှိသည့် မြေပုံနှင့် စာရင်းဇယားများ၌ အသေးစိတ်ဖော်ပြချက်အတိုင်းဖြစ်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၂၀)

၁၃၈၂ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၈ ရက်)

### ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေစီမံခန့်ခွဲရေးအဖွဲ့ ဖျက်သိမ်းခြင်း

၁။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်စွဲပါ စာအမှတ်၊ ၇၀၈ (၂၃၇)/၁၄/ သမ္မတရုံးအရ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသည် **ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေစီမံခန့်ခွဲရေးအဖွဲ့** ကို ၁၈-၂-၂၀၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ (၂/၂၀၁၉) နှင့် ၆-၂-၂၀၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၀) တို့ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။

၂။ ယခုအခါ ၂၀၁၉ ခုနှစ်၊ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကို ပြဋ္ဌာန်းပြီးဖြစ်ရာ အဆိုပါဥပဒေပုဒ်မ ၇ (က) အရ မန္တလေးတိုင်းဒေသကြီး ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းရေးကော်မတီကို ဖွဲ့စည်းခဲ့ပြီးဖြစ်ပါသဖြင့် ဥပဒေမပြဋ္ဌာန်းမီ ဖွဲ့စည်းထားခဲ့သည့် **ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေစီမံခန့်ခွဲရေးအဖွဲ့** ကို ဤအမိန့်ကြော်ငြာစာ ထုတ်ပြန်သည့်ရက်မှစ၍ ဖျက်သိမ်းလိုက်သည်။

၃။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၁၈-၂-၂၀၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၉) နှင့် ၆-၂-၂၀၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၀) တို့အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၂၀)

၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ၅ ရက်

(၂၀၂၀ ပြည့်နှစ်၊ မေလ ၂၆ ရက်)

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသည် ရှေးဟောင်းအဆောက်အအုံများပြင်ဆင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရေးအတွက် ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေးဥပဒေပုဒ်မ ၃၄၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသည် ရှေးဟောင်းအဆောက်အအုံ ပြင်ဆင်ခြင်း သို့မဟုတ် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းကို ဆောင်ရွက်ခွင့်ပြုရန် ဌာန၊ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦး၏ ကြိုတင်ခွင့်ပြုချက်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ ယင်းရှေးဟောင်း အဆောက်အအုံသည် လက်ရှိနေထိုင်လျက်ရှိသည့် လူနေအိမ်၊ ဌာန သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုက အသုံးပြုလျက်ရှိသည့် စာသင်ဆောင်၊ ရုံး၊ ဆေးရုံ၊ စက်ရုံ၊ အလုပ်ရုံ၊ ခရီးသွားလာရေး၊ သယ်ယူပို့ဆောင်ရေး သို့မဟုတ် ဆက်သွယ်ရေးဆိုင်ရာအဆောက်အအုံဖြစ်ပြီး အောက်ပါအချက်များနှင့်ကိုက်ညီကြောင်း စိစစ် တွေ့ရှိပါက စစ်ဆေးရေးအဖွဲ့ဖြင့် စစ်ဆေးခြင်းမပြုဘဲ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသို့ သဘောထားမှတ်ချက်ဖြင့် တင်ပြပြီး လျှောက်ထားသူအား ရှေးဟောင်းအဆောက်အအုံပြင်ဆင်ခြင်း သို့မဟုတ် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းကို ဆောင်ရွက်ခွင့်ပြုနိုင်သည်-

(၁) ထူးခြားသော နောက်ခံသမိုင်းကြောင်းမရှိခြင်း၊

(၂) ယဉ်ကျေးမှုဆိုင်ရာတန်ဖိုး မြင့်မားမှုမရှိခြင်း၊

(၃) အဆောက်အအုံတွင် အသုံးပြုသည့် ပစ္စည်းအမျိုးအစားများ ထူးခြားမှုမရှိခြင်း၊

(၄) အနုပညာလက်ရာမြောက်မှုအဆင့်အတန်း ထူးခြားမှုမရှိခြင်း၊

(၅) မူလဗိသုကာလက်ရာနှင့် ပုံသဏ္ဌာန်များမကျန်ရှိခြင်း၊

(၆) အဆောက်အအုံ၏ မူလအစိတ်အပိုင်းများ မကျန်ရှိခြင်း၊

(၇) လတ်တလောပြိုကျပျက်စီးနိုင်မှု အခြေအနေမရှိခြင်း။

သူရဦးအောင်ကို
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၅၇/၂၀၂၀)

၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်

(၂၀၂၀ ပြည့်နှစ်၊ မေလ ၁၁ ရက်)

### ဒေသခံအစုအဖွဲ့ သဘာဝထိန်းသိမ်းရေးနယ်မြေသတ်မှတ်ရန် ရည်ရွယ်ကြောင်းကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်၊ မေလတွင် ထုတ်ပြန်သည့် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (ဃ) အရအပ်နှင်းထားသည့် အခွင့်အာဏာများကို ကျင့်သုံး၍ ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ရွာငံမြို့နယ်အတွင်းရှိ အောက်ဖော်ပြပါနယ်နိမိတ်များအတွင်း ကျရောက်နေသည့် ဧရိယာ (၂၉၈) ဧကကို သဘာဝဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရန်

အလို့ငှာ **ရေဝင်ကျောက်ခေါင်းဒေသခံအစုအဖွဲ့ သဘာဝထိန်းသိမ်းရေးနယ်မြေ** အဖြစ် သတ်မှတ်ရန် ၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက် (၂၀၂၀ ပြည့်နှစ်၊ မေလ ၁၁ ရက်) မှစတင်၍ ရည်ရွယ်ကြောင်း ကြေညာလိုက်သည်။

**နယ်နိမိတ်လားရာဖော်ပြချက်**

၁။ နယ်နိမိတ်လားရာဖော်ပြချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

မြောက်ဘက်။ ဆင်ဆာပြား-ကျောက်ငှက်သွားတောလမ်း၏ အနောက်မြောက်ဘက် တောင်ကုန်း၊ ဝန်တွင်းဂူ၏ မြောက်ဘက်၊ ယာယီဘုတ်တိုင်အမှတ် (A) မြေပုံညွှန်း (KD-452462) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ၂ ဖာလုံခန့်ဆက်လာရာ ယာယီဘုတ်တိုင်အမှတ် (B) မြေပုံညွှန်း (KD-453461) အထိ၊ ၎င်းမှ အရှေ့တောင်ဘက်သို့ ၂ ဖာလုံခန့်ဆက်လာရာ ယာယီဘုတ်တိုင်အမှတ် (C) မြေပုံညွှန်း (KD-455459) အထိ၊ ၎င်းမှ အရှေ့တောင်ဘက်သို့ ၂ ဖာလုံခန့်ဆက်လာရာ ယာယီဘုတ်တိုင်အမှတ် (D) မြေပုံညွှန်း (KD-457457) အထိ၊ ၎င်းမှ အရှေ့တောင်ဘက်သို့ ၂ ဖာလုံခန့်ဆက်လာရာ ယာယီဘုတ်တိုင်အမှတ် (E) မြေပုံညွှန်း (KD-458457) အထိ၊ ၎င်းမှ အရှေ့တောင်ဘက်သို့ ၂ ဖာလုံခန့်ဆက်လာရာ ယာယီဘုတ်တိုင် အမှတ် (F) မြေပုံညွှန်း (KD-460454) အထိ၊ ၎င်းမှ အရှေ့တောင်ဘက်သို့ ၂ ဖာလုံခန့်ဆက်လာရာ ယာယီဘုတ်တိုင်အမှတ် (G) မြေပုံညွှန်း (KD-462454) အထိ၊ ၎င်းမှ အရှေ့တောင်ဘက်သို့ ၂ ဖာလုံခန့်ဆက်လာရာ ယာယီဘုတ်တိုင်အမှတ် (H) မြေပုံညွှန်း (KD-466455) အထိ၊ ၎င်းမှ အရှေ့တောင်ဘက်သို့ ၂ ဖာလုံခန့်ဆက်လာရာ ယာယီဘုတ်တိုင်အမှတ် (I) မြေပုံညွှန်း (KD-470455) အထိ၊ ၎င်းမှ အရှေ့တောင်ဘက်သို့ ၂ ဖာလုံခန့်ဆက်လာရာ ဇော်ဂျီ ကြိုးဝိုင်း၏ အနောက်ဘက်နယ်နိမိတ်ဖြင့်ဆုံရာ ယာယီဘုတ်တိုင်အမှတ် (j) မြေပုံညွှန်း (KD-473453) အထိ။

အရှေ့ဘက်။ ထိုမှ မြောက်ဘက်နယ်နိမိတ်၏ အဆုံးအမှတ်ဖြစ်သော ယာယီဘုတ်တိုင်အမှတ် (j) မြေပုံညွှန်း (KD-473453) အထိ၊ ၎င်းမှ ဇော်ဂျီကြိုးဝိုင်း အနောက်ဘက် နယ်နိမိတ်အတိုင်း တောင်ဘက်သို့ ၂ ဖာလုံခန့် စုန်ဆင်းလာရာ ယာယီဘုတ်တိုင်အမှတ် (K) မြေပုံညွှန်း (KD-471449) အထိ၊ ၎င်းမှ အနောက်တောင်ဘက်သို့ ၂ ဖာလုံခန့်ဆက်လာရာ ယာယီဘုတ်တိုင်အမှတ် (M) မြေပုံညွှန်း (KD-467447) အထိ၊ ၎င်းမှအနောက်စူးစူးသို့ ၂ ဖာလုံခန့် ဆက်လာရာ ယာယီဘုတ်တိုင်အမှတ် (N) မြေပုံညွှန်း (KD-463447) အထိ၊ ၎င်းမှ အနောက်မြောက်ဘက်သို့ ၂ ဖာလုံခန့် ဆက်လာရာ ယာယီဘုတ်တိုင်အမှတ် (L) မြေပုံညွှန်း (KD-462448) အထိ။

တောင်ဘက်။ ထိုမှ အရှေ့ဘက်နယ်နိမိတ်၏ အဆုံးအမှတ်ဖြစ်သော ယာယီဘုတ်တိုင်အမှတ် (L) မြေပုံညွှန်း (KD-462448) အထိ၊ ၎င်းမှ မြောက်ဘက်သို့ ၂ ဖာလုံခန့်လာရာ ယာယီဘုတ်တိုင်အမှတ် (L) မြေပုံညွှန်း (KD-462448) အထိ၊ ၎င်းမှ ၂ ဖာလုံခန့်လာရာ ဘုတ်တိုင်အမှတ် (O) မြေပုံညွှန်း (KD-462451) အထိ၊ ၎င်းမှ ၂ ဖာလုံခန့်လာရာ ဘုတ်တိုင်အမှတ် (P) မြေပုံညွှန်း (KD-463453) အထိ၊ ၎င်းမှ ၂ ဖာလုံခန့်လာရာ ဘုတ်တိုင်အမှတ် (Q) မြေပုံညွှန်း (KD-460452) အထိ၊ ၎င်းမှ ၂ ဖာလုံခန့်လာရာ ဘုတ်တိုင်အမှတ် (R) မြေပုံညွှန်း (KD-458450) အထိ၊ ၎င်းမှ ၂ ဖာလုံခန့်လာရာ ဘုတ်တိုင်အမှတ် (S) မြေပုံညွှန်း (KD-458452) အထိ၊ ၎င်းမှ ၂ ဖာလုံခန့်လာရာ ဘုတ်တိုင်အမှတ် (T) မြေပုံညွှန်း (KD-457453) အထိ၊ ၎င်းမှ ၂ ဖာလုံခန့်လာရာ ဘုတ်တိုင်အမှတ် (U) မြေပုံညွှန်း (KD-454454) အထိ၊ ၎င်းမှ ၂ ဖာလုံခန့်လာရာ ဘုတ်တိုင်အမှတ် (V) မြေပုံညွှန်း (KD-455457) အထိ၊ ၎င်းမှ ၂ ဖာလုံခန့်လာရာ ဘုတ်တိုင်အမှတ် (W) မြေပုံညွှန်း (KD-453458) အထိ၊ ၎င်းမှ ၂ ဖာလုံခန့်လာရာ ဘုတ်တိုင်အမှတ် (X) မြေပုံညွှန်း (KD-453455) အထိ၊ ၎င်းမှ ၂ ဖာလုံခန့်လာရာ ဘုတ်တိုင်အမှတ် (Y) မြေပုံညွှန်း (KD-453453) အထိ၊ ၎င်းမှ ၂ ဖာလုံခန့်လာရာ ဘုတ်တိုင်အမှတ် (Z) မြေပုံညွှန်း (KD-453450) အထိ။

အနောက်ဘက်။ ထိုမှ တောင်ဘက်နယ်နိမိတ်၏အဆုံးဖြစ်သော ယာယီဘုတ်တိုင်အမှတ် (Z) မြေပုံညွှန်း (KD-453450) အထိ၊ ၎င်းမှမြောက်ဘက်သို့ ၂ ဖာလုံခန့်ဆက်လာရာ ယာယီဘုတ်တိုင်အမှတ် (A1) မြေပုံညွှန်း (KD-451452) အထိ၊ ၎င်းမှမြောက်ဘက်သို့ ၂ ဖာလုံခန့်ဆက်လာရာ ယာယီဘုတ်တိုင်အမှတ် (B1) မြေပုံညွှန်း (KD-451456) အထိ၊ ၎င်းမှမြောက်ဘက်သို့ ၂ ဖာလုံခန့်ဆက်လာရာ ယာယီဘုတ်တိုင်အမှတ် (C1) မြေပုံညွှန်း (KD-449460) အထိ၊ ၎င်းမှမြောက်ဘက်သို့ ၂ ဖာလုံခန့်ဆက်လာရာ ယာယီဘုတ်တိုင်အမှတ် (D1) မြေပုံညွှန်း (KD-450462) အထိ၊ ၎င်းမှမြောက်ဘက်သို့ ၂ ဖာလုံခန့်ဆက်လာရာ နယ်နိမိတ်လားရာ၏ မူလစမှတ်ဖြစ်သော ဆင်ဆာပြား-ကျောက်ငှက်သွားတောလမ်း၏ အနောက်မြောက်ဘက် တောင်ကုန်း၊ ဝန်တွင်းဂူ၏မြောက်ဘက်၊ ယာယီဘုတ်တိုင်အမှတ် (A) မြေပုံညွှန်း (KD-452462) အထိ။

**တားမြစ်ချက်များ**

၂။ **ရေဝင်ကျောက်ခေါင်းဒေသခံအစုအဖွဲ့ သဘာဝထိန်းသိမ်းရေးနယ်မြေ** အဖြစ် သတ်မှတ်ဖွဲ့စည်းရန် ရည်ရွယ်ကြောင်း ကြေညာသည့်နေ့မှစ၍ ထိုနေ့တွင်တည်ရှိသော အခွင့်အရေးများမှအပ အဆိုပြုသဘာဝထိန်းသိမ်းရေးနယ်မြေအတွင်း အောက်ဖော်ပြပါတို့ကို မပြုလုပ်ရန် တားမြစ်လိုက်သည်-

(က) ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊

(ခ) အဆိပ်အတောက်ဖြစ်စေသော ပစ္စည်းကိုဖြစ်စေ၊ ဓာတ်သတ္တုအညစ်အကြေးကိုဖြစ်စေ ခွင့်ပြုချက်မရှိဘဲ လက်ဝယ်ထားရှိခြင်း သို့မဟုတ် စွန့်ပစ်ခြင်း၊

(ဂ) ရေထု၊ လေထုကို တမင်ညစ်ညမ်းစေခြင်း၊ ရေစီးရေလာပျက်စီးစေခြင်း သို့မဟုတ် ရေတွင်အဆိပ်ခတ်ခြင်း၊

(ဃ) မည်သည့် တောရိုင်းတိရစ္ဆာန်ကိုမျှ ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း သို့မဟုတ် အနာတရဖြစ်စေခြင်း၊ ယင်းတောရိုင်းတိရစ္ဆာန်ကိုဖြစ်စေ၊ ယင်း၏အစိတ်အပိုင်းကိုဖြစ်စေ လက်ဝယ်ထားခြင်း၊ ရောင်းချခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်း၊

(င) မည်သည့်သဘာဝအပင်ကိုမဆို ခုတ်ယူခြင်း၊ စုဆောင်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ဖျက်ဆီးခြင်း၊ လက်ဝယ်ပိုင်ဆိုင်ခြင်း။

(စ) သက်ရှိသက်မဲ့ဖွဲ့စည်းမှုကိုဖြစ်စေ၊ သဘာဝအနေအထားတည်ရှိမှု တစ်ခုခုကိုဖြစ်စေ ဖျက်ဆီးခြင်း၊

(ဆ) လူတို့မွေးမြူထားသော တိရစ္ဆာန်များကို စားကျက်ချခြင်း၊ လွှတ်ကျောင်းခြင်း သို့မဟုတ် ကျူးကျော်ဝင်ရောက်စေခြင်း၊

(ဇ) မြေကိုတူးဆွခြင်း၊ ထွန်ယက်စိုက်ပျိုးခြင်း သို့မဟုတ် လုပ်ငန်းတစ်ခုခုလုပ်ကိုင်ခြင်း၊

(ဈ) အများပြည်သူ ကြည့်ရှုလေ့လာအပန်းဖြေခွင့်ပြုထားသည့် နေရာများမှအပ တားမြစ်ထားသော နေရာသို့ ခွင့်ပြုချက်မရှိဘဲ ကျူးကျော်ဝင်ရောက်ခြင်း၊

(ည) မီးကူးစက်ပြန့်ပွားစေနိုင်သော မီးမွှေးခြင်း၊ မီးဖိုခြင်း၊ မီးသယ်ယူခြင်း သို့မဟုတ် မီးကြွင်းမီးကျန်ထားရှိခြင်း။

**ပဏာမစိစစ်ရေးအဖွဲ့**

၃။ ရေဝင်ကျောက်ခေါင်းဒေသခံအစုအဖွဲ့ သဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ် ဖွဲ့စည်းသတ်မှတ်မည့် နယ်မြေရှိ အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေးနိုင်ရန်နှင့် နယ်မြေသတ်မှတ်ဖွဲ့စည်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (င) အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များပါဝင်သည့် ပဏာမစိစစ်ရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

(က) မြို့နယ်အုပ်ချုပ်ရေးမှူး ဥက္ကဋ္ဌ
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ရွာင်မြို့၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ

(ခ) မြို့နယ်ဦးစီးဌာနမှူး အဖွဲ့ဝင်
လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန
ရွာငံမြို့၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ

(ဂ) မြို့နယ်ဦးစီးဌာနမှူး အဖွဲ့ဝင်
သစ်တောဦးစီးဌာန
ရွာငံမြို့၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ

(ဃ) ဒေသခံဌာနေတိုင်းရင်းသားကိုယ်စားလှယ် အဖွဲ့ဝင်
ဆင်ဆာပြားကျေးရွာ၊ ရွာငံမြို့နယ်၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ

(င) ဒေသခံဌာနေတိုင်းရင်းသားကိုယ်စားလှယ် အဖွဲ့ဝင်
ကျောက်ငှက်ကျေးရွာ၊ ရွာငံမြို့နယ်၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ

(စ) Program Manager အဖွဲ့ဝင်
ထုံးကျောက်တောင်ဂူများ ထိန်းသိမ်းရေးလုပ်ငန်းတာဝန်ခံ
(Founa & Flora International-FFI)

(ဆ) အုပ်ချုပ်ရေးမှူး အတွင်းရေးမှူး
ပန်းလောင်နှင့် ပြဒါးလင်းဂူတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော
သစ်တောဦးစီးဌာန၊ ရွာငံမြို့။

၄။ **လုပ်ငန်းတာဝန်**။ ပဏာမစိစစ်ရေးအဖွဲ့သည် သတ်မှတ်ဖွဲ့စည်းမည့် ဒေသခံအစုအဖွဲ့ သဘာဝထိန်းသိမ်းရေးနယ်မြေ တည်ရှိရာနယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေး ထိခိုက်နစ်နာမှုများကို စုံစမ်းစစ်ဆေးရန်နှင့် နယ်မြေသတ်မှတ်ရန်အတွက် အောက်ပါလုပ်ငန်းတာဝန်များကို လိုက်နာဆောင်ရွက်ရမည်-

(က) ရေဝင်ကျောက်ခေါင်း ဒေသခံအစုအဖွဲ့ သဘာဝထိန်းသိမ်းရေးနယ်မြေ သတ်မှတ်ဖွဲ့စည်းမည့်အကြောင်းနှင့် သတ်မှတ်ဖွဲ့စည်းရန် ရည်ရွယ်ကြောင်း ကြိုတင်ကြေညာသည့် နယ်မြေဒေသရှိ အများပြည်သူတို့သည် မိမိတို့၏ အခွင့်အရေးများ ထိခိုက်နစ်နာမှုရှိပါက ခိုင်လုံသော အထောက်အထားဖြင့် ပဏာမစိစစ်ရေးအဖွဲ့သို့ ကြိုတင်ကြေညာသည့်နေ့မှ ရက်ပေါင်း (၉၀) အတွင်း တင်ပြတောင်းခံနိုင်ရေး၊ ဆိုင်ရာဆိုင်ခွင့်လျှောက်ထားနိုင်ကြောင်း သက်ဆိုင်သူအားလုံး သိရှိစေရန် သက်ဆိုင်ရာကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးများမှတစ်ဆင့် အသိပေးကြေညာခြင်း၊

(ခ) ရည်ရွယ်ကြောင်းကြေညာထားသည့် နယ်မြေဒေသရှိအများပြည်သူတို့၏ အခွင့်အရေးမနစ်နာစေရေး လျှောက်ထားတင်ပြလာသူ တစ်ဦးချင်းစီ၏ ဆိုင်ရာဆိုင်ခွင့်လျှောက်ထားချက်များအား အထောက်အထားခိုင်လုံမှု ရှိ မရှိကို စစ်ဆေးခြင်း ရှိ မရှိနှင့် စာရင်းများကို ကြေးတိုင်ပုံစံတွင် ထည့်သွင်းဖော်ပြနိုင်ရန် ပြုစုခြင်း၊

(ဂ) အဆိုပါတင်ပြလျှောက်ထားလာမှုနှင့်ပတ်သက်၍ တရားမကျင့်ထုံးဥပဒေအရ လိုအပ်သောသက်သေများကို ဆင့်ခေါ်ခြင်းနှင့်သက်ဆိုင်သည့်စာရွက်စာတမ်းများ စစ်ဆေးခြင်း၊ အစိုးရက ခွင့်ပြုရန်ရှိသည့်ကိစ္စအတွက် ထောက်ခံတင်ပြသည့် လျော်ကြေးငွေစာရင်းကို ပြုစုခြင်း၊

(ဃ) သတ်မှတ်သည့် နယ်မြေဒေသအတွင်း လူနေကျေးရွာများ၊ အများပိုင်မြေများ၊ အစိုးရဌာနစီမံခန့်ခွဲခွင့်ရှိသည့်မြေများ၊ ဘာသာရေးဆိုင်ရာမြေများ စသည်တို့ကို ချန်လှပ်ခြင်း၊ ထည့်သွင်းဖွဲ့စည်းသင့်သည့် မြေအမျိုးအစားများအတွက် ဒေသခံများအသုံးချနေသည့် မြေများကို ဆိုင်ရာဆိုင်ခွင့်စာရင်းတွင်ထည့်သွင်းခြင်း၊ ကြားခံနယ်မြေများကို ဖော်ထုတ်သတ်မှတ်ခြင်း၊

(င) ကြေးတိုင်ပုံစံများကို လုပ်ထုံးလုပ်နည်းနှင့်အညီပြုစု၍ သတ်မှတ်အချိန်ကာလအတွင်း ရေဝင်ကျောက်ခေါင်းဒေသခံအစုအဖွဲ့ သဘာဝထိန်းသိမ်းရေးနယ်မြေဖွဲ့စည်းခြင်း အမိန့်ကြော်ငြာစာ (မူကြမ်း) နှင့်တကွ ပြန်လည်တင်ပြခြင်း။

၅။ ဤအမိန့်ကြော်ငြာစာပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊ စည်းကမ်းချက်တစ်ခုခုကို လိုက်နာရန်ပျက်ကွက်ခြင်းများရှိပါက ဇီဝမျိုးစုံမျိုးကွဲနှင့်သဘာဝထိန်းသိမ်းရေးနယ်မြေများကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေအရ အရေးယူခြင်းခံရမည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**
**အမိန့်ကြော်ငြာစာအမှတ် (၆၁/၂၀၂၀)**
နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်
(၂၀၂၀ ပြည့်နှစ်၊ မေလ ၁၅ ရက်)

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့သစ်လုပ်ငန်း၊ စီမံခန့်ခွဲရေးဌာနမှ အထွေထွေမန်နေဂျာ (စီမံရေး)၊ ဒေါ်ခင်စန်းသည် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၃၀ ရက်နေ့မှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လခံစားခွင့်ပြုရန် လျှောက်ထားခြင်းကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ ငြင်းပယ်ခဲ့သော အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့ နံနက်ပိုင်းမှစ၍ ခံစားခွင့်ပြုပြီးနောက် ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၁ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

အုန်းဝင်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**
**(ဝန်ကြီးရုံး)**
**အမိန့်ကြော်ငြာစာအမှတ် (၁၉/၂၀၂၀)**
၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ၄ ရက်
၂၀၂၀ ပြည့်နှစ်၊ မေလ ၂၅ ရက်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤလုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်လိုက်သည်။

**အခန်း (၁)**
**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤလုပ်ထုံးလုပ်နည်းများကို ပြည်ပမှ အရက်တင်သွင်းခွင့်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများဟု ခေါ်တွင်စေရမည်။

၂။ ဤလုပ်ထုံးလုပ်နည်းများတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ယမကာတင်သွင်းခွင့် မှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ အရက်တင်သွင်းရန် ကုန်သွယ်ရေးဦးစီးဌာနက သတ်မှတ်ချက်နှင့်အညီ ထုတ်ပေးသည့် မှတ်ပုံတင်လက်မှတ်ကိုဆိုသည်။

(ခ) **သက်ဆိုင်ရာဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့ကို ဆိုသည်။

**အခန်း (၂)**
**ရည်ရွယ်ချက်**

၃။ ဤလုပ်ထုံးလုပ်နည်းများ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အရည်အသွေးအာမခံနိုင်သော ကုန်စည်များရောင်းချသုံးဆောင်နိုင်ရန်၊

(ခ) တရားမဝင်တင်သွင်းမှုကို ထိန်းချုပ်နိုင်ရန်၊

(ဂ) နိုင်ငံတော်အတွက် အခွန်အခများအပြည့်အဝရရှိနိုင်ရန်၊

(ဃ) ပြည်တွင်းဈေးကွက်လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်။

## အခန်း (၃)
## အရက်တင်သွင်းခွင့်ရှိသည့်ကုမ္ပဏီနှင့် တင်သွင်းခွင့်လုပ်ငန်းစဉ်

၄။ ပြည်ပမှ အရက်တင်သွင်းခွင့်လျှောက်ထားသည့် ကုမ္ပဏီသည်-

(က) မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသော မြန်မာကုမ္ပဏီ ဖြစ်ရမည်။

(ခ) ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်ရှိရမည်။

(ဂ) ကုမ္ပဏီတွင် နိုင်ငံခြားအရက်ကို လက်ကားရောင်းချခွင့်လိုင်စင် (FL-11) သို့မဟုတ် နိုင်ငံခြားအရက်ပြင်းကို ပေါင်းစပ်ခွင့်၊ ရောနှောခွင့်၊ အနံ့ထည့်ခွင့်နှင့် အရောင်ဆိုးခွင့်လိုင်စင် (FL-4) နှင့် နိုင်ငံခြားအရက်ပြင်းကို ပုလင်းသွတ်ခွင့်လိုင်စင် (FL-5) ရရှိသည့် ဒါရိုက်တာတစ်ဦးဦးပါဝင်ရမည်။

(ဃ) နိုင်ငံခြားအရက်ထုတ်လုပ်ဖြန့်ဖြူးသူ၏ တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော အမှတ်တံဆိပ်အမျိုးမျိုးအတွက် တစ်ဦးတည်း ဖြန့်ဖြူးရောင်းဝယ်ခွင့် (Exclusive Distributorship) ရရှိထားသော ကုမ္ပဏီ သို့မဟုတ် ယင်းကုမ္ပဏီမှ တစ်ဦးတည်းရောင်းဝယ်ခွင့် (Exclusive Dealership) ပေးထားသည့် ကုမ္ပဏီဖြစ်ရမည်။

(င) သက်ဆိုင်ရာ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ခွင့်ပြုထားသော ဖြန့်ဖြူးရောင်းချခွင့်လိုင်စင်ရနေရာ သို့မဟုတ် သိုလှောင်ခွင့်လက်မှတ် ရယူထားသော သိုလှောင်ရုံရှိရမည်။

၅။ အပိုဒ် ၄ ပါ သတ်မှတ်ချက်နှင့် ကိုက်ညီသောကုမ္ပဏီသည် ပြည်ပမှ အရက်တင်သွင်းခွင့်ရရှိရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနတွင် ယမကာတင်သွင်းခွင့် မှတ်ပုံတင်လက်မှတ်နှင့် သွင်းကုန်လိုင်စင်တို့ကို လျှောက်ထားရမည်။

### ယမကာတင်သွင်းခွင့် မှတ်ပုံတင်လက်မှတ် လျှောက်ထားခြင်း

၆။ ယမကာတင်သွင်းခွင့် မှတ်ပုံတင်လက်မှတ် လျှောက်ထားရာတွင်-

(က) ပြည်ပမှ အသင့်သောက်သုံးနိုင်သည့် အရက်တင်သွင်းလိုသည့် ကုမ္ပဏီသည် အောက်ပါစာရွက်စာတမ်း အထောက်အထားများနှင့်အတူ လျှောက်ထားရမည်-

(၁) ကုမ္ပဏီ Letter Head ပါလျှောက်လွှာ (ကုမ္ပဏီအမည်၊ မှတ်ပုံတင်အမှတ်)

(၂) ကုမ္ပဏီဒါရိုက်တာတစ်ဦးဦး၏ နိုင်ငံခြားဖြစ်အရက်ကို လက်ကားရောင်းချခွင့်လိုင်စင် (Foreign Liquor-11) မူရင်း၊

(၃) နိုင်ငံခြားဖြစ်အရက် ထုတ်လုပ်ဖြန့်ဖြူးသူနှင့် တစ်ဦးတည်းဖြန့်ဖြူးရောင်းဝယ်ခွင့် (Exclusive Distributorship) သို့မဟုတ် တစ်ဦးတည်းရောင်းဝယ်ခွင့် (Exclusive Dealership) ကိုယ်စားလှယ်အဖြစ် ချုပ်ဆိုထားသောစာချုပ် (မူရင်းနှင့်မိတ္တူ)

(၄) လျှောက်ထားသူသည် ကုမ္ပဏီ၏ ဒါရိုက်တာကိုယ်တိုင်မဟုတ်ပါက ၎င်း၏ ကိုယ်စားလှယ်လွှဲစာနှင့် မှတ်ပုံတင်ကတ် (မိတ္တူ)

(၅) တင်သွင်းမည့်အရက်နှင့်စပ်လျဉ်းသည့် အချက်အလက်များ-

(ကက) အယ်လ်ကိုဟောပါဝင်မှုရာခိုင်နှုန်း၊

(ခခ) ကုန်ပစ္စည်းအမည်၊ အမျိုးအစား၊ အမှတ်တံဆိပ် ပါဝင်သည့် ပစ္စည်းများနှင့် ထုပ်ပိုးမှုပုံစံ၊

(ဂဂ) ထုတ်လုပ်သည့်ခုနှစ်နှင့်သက်တမ်း၊

(ဃဃ) ထုတ်လုပ်သည့်နိုင်ငံ၊ ကုမ္ပဏီအမည်နှင့်လိပ်စာ။

(၆) သက်ဆိုင်ရာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ခွင့်ပြုထားသည့် အရက်သိုလှောင်ခွင့်လက်မှတ် သို့မဟုတ် ဖြန့်ဖြူးရောင်းချခွင့်လိုင်စင်၊

(၇) အရက်သိုလှောင်ရုံလိပ်စာနှင့် ရောင်းချမည့်ဆိုင်လိပ်စာ။

(ခ) အရက်ဆီ၊ အရက်ပြင်းတင်သွင်းလိုသော ကုမ္ပဏီများသည် အောက်ပါစာရွက်စာတမ်းအထောက်အထားများနှင့်အတူ လျှောက်ထားရမည်-

(၁) ကုမ္ပဏီ Letter Head ပါလျှောက်လွှာ (ကုမ္ပဏီအမည်၊ မှတ်ပုံတင်အမှတ်)

(၂) ကုမ္ပဏီဒါရိုက်တာတစ်ဦးဦး၏ ပြည်ပမှတင်သွင်းသောနိုင်ငံခြားအရက်ပြင်းကို ပေါင်းစပ်ခွင့်၊ ရောနှောခွင့်၊ အနံ့ထည့်ခွင့်နှင့် အရောင်ဆိုးခွင့်လိုင်စင် (FL-4) နှင့် နိုင်ငံခြားအရက်ပြင်းကို ပုလင်းသွတ်ခွင့် (FL-5) ယစ်မျိုးလိုင်စင် (မူရင်း)

(၃) ကုမ္ပဏီ၏ဒါရိုက်တာအဖွဲ့ဝင် ကိုယ်တိုင် မဟုတ်ပါက ၎င်း၏ကိုယ်စားလှယ်လွှဲစာနှင့် မှတ်ပုံတင်ကတ် (မိတ္တူ)

(၄) တင်သွင်းမည့်အရက်ဆီ၊ အရက်ပြင်းနှင့်စပ်လျဉ်းသည့် အောက်ဖော်ပြပါအချက်အလက်များ-

(ကက) အယ်လ်ကိုဟောပါဝင်မှုရာခိုင်နှုန်း၊

(ခခ) ကုန်ပစ္စည်းအမည်၊ အမျိုးအစား၊ အမှတ်တံဆိပ်၊ ဖွဲ့စည်းပုံ၊ ထုပ်ပိုးမှုပုံစံ၊

(ဂဂ) ထုတ်လုပ်သည့်နိုင်ငံ၊ ကုမ္ပဏီအမည်၊ လိပ်စာ၊

(၅) အရက်ရောနှောပေါင်းစပ်၍ ထုတ်လုပ်ခြင်း၊ ပုလင်းသွတ်ခြင်းပြုလုပ်မည့်လိပ်စာ။

၇။ ယမကာတင်သွင်းခွင့်မှတ်ပုံတင်၏ သက်တမ်းသည် တစ်နှစ်ဖြစ်သည်။

၈။ ယမကာတင်သွင်းခွင့်မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးလိုပါက မှတ်ပုံတင်လက်မှတ်သက်တမ်းမကုန်မီ ၃ လ ကြိုတင်၍ အပိုဒ် ၆ ပါ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

## သွင်းကုန်လိုင်စင်လျှောက်ထားခြင်း

၉။ အရက်တင်သွင်းခွင့်အတွက် သွင်းကုန်လိုင်စင်လျှောက်ထားရာတွင် အောက်ပါစာရွက်စာတမ်းအထောက်အထားများနှင့်အတူ လျှောက်ထားရမည်-

(က) ကုမ္ပဏီ၏ Letter Head ပါလျှောက်လွှာ (ကုမ္ပဏီအမည်၊ မှတ်ပုံတင်အမှတ်)၊

(ခ) ကုန်အမှာလွှာ (Proforma Invoice) မူရင်း သို့မဟုတ် အရောင်းအဝယ်စာချုပ် (Sale Contract) မူရင်း (တင်သွင်းမည့်အရက်နှင့် သက်ဆိုင်သော အသေးစိတ်အချက်အလက်များကို ပြည့်စုံစွာဖော်ပြရမည်)၊

(ဂ) ယမကာတင်သွင်းခွင့်မှတ်ပုံတင်လက်မှတ် (မူရင်း၊ မိတ္တူ)၊

(ဃ) အရက်ပုလင်းပေါ်တွင် တင်သွင်းသည့် ကုမ္ပဏီ၏အမည်ကို ကပ်နိုပ်ဖော်ပြမည့် နမူနာ၊

(င) အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) ထောက်ခံချက် (မူရင်း)၊

(စ) လျှောက်ထားသူသည် ကုမ္ပဏီ၏ဒါရိုက်တာ ကိုယ်တိုင်မဟုတ်ပါက ကိုယ်စားလှယ်လွှဲစာနှင့် မှတ်ပုံတင်ကတ် (မိတ္တူ)။

၁၀။ အရက်သွင်းကုန်လိုင်စင်သက်တမ်းမှာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော သတ်မှတ်ကာလအတိုင်းဖြစ်သည်။

## အခန်း (၄)
## အရက်တင်သွင်းခွင့်ဆိုင်ရာ စည်းကမ်းချက်များ

၁၁။ ပြည်ပမှအရက်ကို ရန်ကုန်ဆိပ်ကမ်းနှင့် ရန်ကုန်လေဆိပ်တို့မှ တင်သွင်းရမည်။

၁၂။ အရက်တစ်လီတာလျှင် ဆိပ်ကမ်းအရောက်တန်ဖိုး (Cost, Insurance and Freight-CIF) သည် အနည်းဆုံး အမေရိကန်ဒေါ်လာ ၈ ဒေါ်လာရှိရမည်။

၁၃။ ယမကာတင်သွင်းခွင့် မှတ်ပုံတင်လက်မှတ်ရရှိသည့် ကုမ္ပဏီသည်-

(က) အရက်ထုပ်ပိုးမှုအပေါ်တွင် အရက်အမျိုးအစား၊ ပါဝင်သည့် အသားတင်ပမာဏ (Net Volume)၊ အယ်လ်ကိုဟောပါဝင်မှု ရာခိုင်နှုန်းနှင့် အရက်တင်သွင်းသည့် ကုမ္ပဏီအမည်၊ ကုမ္ပဏီမှတ်ပုံတင်ထားသော ရုံးခန်း သို့မဟုတ် စီးပွားရေးလုပ်ငန်း အဓိကဆောင်ရွက်ရာနေရာ စသည့် အချက်များကို ဖော်ပြရသည်။

(ခ) အရက်ကို အကောက်ခွန်ဦးစီးဌာန၏ သိုလှောင်ရုံ (Customs Warehouse) မှ ပြောင်းရွှေ့ခြင်း မပြုမီ ပြည်တွင်းအခွန်များဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ၂၁ ရက်အတွင်း သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ အရက်ပုလင်းတွင် အခွန်အမှတ်တံဆိပ် (Tax Paid) ကပ်နှိပ်ပြီးဖြန့်ဖြူးရမည်။

(ဂ) ကုန်ဝင်၊ ကုန်ထွက်၊ ကုန်လက်ကျန်စာရင်းများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာနများ၏ စစ်ဆေးမှုကို ခံယူရမည်။

(ဃ) အရက်ကို သက်ဆိုင်ရာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခွင့်ပြုထားသော လိုင်စင်ရနေရာ သို့မဟုတ် သိုလှောင်ခွင့်လက်မှတ်ရနေရာတွင် ထားရှိရမည်။

**အခွန်အခပေးဆောင်ခြင်း**

၁၄။ အရက်တင်သွင်းခွင့်ရရှိသည့်ကုမ္ပဏီသည် သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သတ်မှတ်ထားသည့် အခွန်အခပေးဆောင်ရမည်။

၁၅။ အရက်တင်သွင်းခွင့် လျှောက်ထားသည့် ကုမ္ပဏီသည် ယမကာတင်သွင်းခွင့်ဆိုင်ရာ မှတ်ပုံတင်ကြေး၊ မှတ်ပုံတင်သက်တမ်းတိုးကြေး၊ မှတ်ပုံတင်ပြင်ဆင်ကြေးနှင့် သွင်းကုန်လိုင်စင်ကြေးများကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက သတ်မှတ်သည့်အတိုင်း ပေးသွင်းရမည်။

**ဖြန့်ဖြူးရောင်းချခြင်းနှင့် ဆိုင်ဖွင့်လှစ်ခြင်း**

၁၆။ အရက်တင်သွင်းခွင့်ရရှိသည့် ကုမ္ပဏီသည် အရက်သယ်ယူပို့ဆောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်းနှင့် ဆိုင်ဖွင့်လှစ်ခြင်းတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

## အခန်း (၅)
## စစ်ဆေးခြင်းနှင့် အရေးယူခြင်း

၁၇။ အရက်တင်သွင်းခွင့်ရရှိသည့်ကုမ္ပဏီသည် တင်သွင်းခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်းဆိုင်ရာ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိ သက်ဆိုင်ရာဝန်ကြီးဌာန၏ အခါအားလျော်စွာ စစ်ဆေးခြင်းကိုခံယူရမည်။

၁၈။ အရက်တင်သွင်းခွင့်ရရှိသည့်ကုမ္ပဏီသည် ဤလုပ်ထုံးလုပ်နည်းများပါ သတ်မှတ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ပါက ယမကာတင်သွင်းခွင့်အား ရပ်ဆိုင်းခြင်း သို့မဟုတ် ယမကာတင်သွင်းခွင့် မှတ်ပုံတင်အား ပယ်ဖျက်ခြင်းခံရမည်။

## အခန်း (၆)
## အထွေထွေ

၁၉။ အကောက်ခွန်လွတ်အရောင်းဆိုင် (Duty Free Shop) နှင့် ဟိုတယ်များတွင်အသုံးပြုရန် အရက်တင်သွင်းခြင်းအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သီးခြားသတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်သွင်းခွင့် ပြုမည်ဖြစ်သည်။

၂၀။ နိုင်ငံခြားအရက်တင်သွင်းခွင့် စည်းကမ်းချက်များကို ပြောင်းလဲဖြစ်ပေါ်လာသည့် အခြေအနေများနှင့် အညီ လိုအပ်သလို ပြင်ဆင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဒေါက်တာသန်းမြင့်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

### အမိန့်ကြော်ငြာစာအမှတ် (၁၁၅/၂၀၂၀)

၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ ရက်
(၂၀၂၀ ပြည့်နှစ်၊ မေလ ၈ ရက်)

မြန်မာနိုင်ငံစာရင်းကောင်စီရုံးမှ ညွှန်ကြားရေးမှူး ဒေါ်သန္တာလေး (၇၃၄၀) ကို ဤရုံး၊ စီမံရေးရာ၊ လေ့ကျင့်ရေးနှင့် သုတေသနဦးစီးဌာနတွင် တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်ရက်မှစ၍ ဒုတိယညွှန်ကြားရေးမှူးချုပ်အဖြစ် တိုးမြှင့်ခန့်ထားလိုက်သည်။

### အမိန့်ကြော်ငြာစာအမှတ် (၁၁၉/၂၀၂၀)

၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်
(၂၀၂၀ ပြည့်နှစ်၊ မေလ ၁၂ ရက်)

အောက်ဖော်ပြပါ ဒုတိယညွှန်ကြားရေးမှူးများအား မိမိတို့အမည်နှင့် ယှဉ်တွဲဖော်ပြထားသည့်ရုံးဌာနများတွင် တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်ရက်မှစ၍ ညွှန်ကြားရေးမှူးများအဖြစ် တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | ကိုယ်ပိုင်အမှတ် | ထမ်းရွက်ဆဲရုံး | တိုးမြှင့်လိုက်သည့်ရုံး |
|---|---|---|---|---|
| ၁။ | ဒေါ်မြင့်မြင့်နိုင် | ၄၇၆၆ | မကွေးတိုင်းဒေသကြီး | ရုံးအဖွဲ့ |
| ၂။ | ဒေါ်မီမီသက် | ၄၅၅၂ | ရန်ကုန်တိုင်းဒေသကြီး | မြန်မာနိုင်ငံစာရင်းကောင်စီရုံး |
| ၃။ | ဒေါ်စန်းစန်းမြင့် | ၄၂၇၈ | ရန်ကုန်တိုင်းဒေသကြီး | စစ်ဆေးရေးဦးစီးဌာန |
| ၄။ | ဒေါ်သန္တာဖြူအေး | ၁၁၀၆၇ | စစ်ဆေးရေးဦးစီးဌာန | စစ်ဆေးရေးဦးစီးဌာန |

မော်သန်း
ပြည်ထောင်စုစာရင်းစစ်ချုပ်
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ရန်ကုန်တိုင်းဒေသကြီးအစိုးရ

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### အမိန့်ကြော်ငြာစာအမှတ် (၃၁/၂၀၂၀)

ရန်ကုန်မြို့၊ ၁၃၈၂ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၂ ရက်)

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် တာဝန်ထမ်းဆောင်လျက်ရှိသော လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရရှိသည့် အောက်ဖော်ပြပါ ဌာနမှူး၊ တွဲဖက်ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်) (၂) ဦးအား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် ၂၀၂၀ ပြည့်နှစ်၊ မေလ ၃ ရက်နေ့မှစ၍ ယင်းရာထူးတွင် အတည်ပြုခန့်ထားလိုက်သည်-

| စဉ် | အမည် | ကိုယ်ပိုင်အမှတ် | ရာထူး | ဌာန၊ လုပ်ငန်းတာဝန်ခံအဖွဲ့ |
|---|---|---|---|---|
| (၁) | ဦးလင်းခိုင် | မစ-၀၈၄၅ | ဌာနမှူး | အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)၊ လမ်း၊ တံတားဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့ |
| (၂) | ဦးညဏ်လင်းစိုး | မစ-၁၇၀၈ | တွဲဖက်ဌာနမှူး | ထုတ်လုပ်ရေးဌာန ပြည်သူ့ကျန်းမာရေးနှင့်ဈေးများ လုပ်ငန်းတာဝန်ခံအဖွဲ့ (ကော်မတီရုံး၊ ရုံးအဖွဲ့မှူးတာဝန်) |

မောင်မောင်စိုး
ဥက္ကဋ္ဌ (မြို့တော်ဝန်)
ရန်ကုန်တိုင်းဒေသကြီးအစိုးရ

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း


| | | |
|---|---|---|
| ရန်ကုန်မြို့ | ၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၄ ရက်<br>( ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၇ ရက် ) | သောကြာနေ့ |

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၂

### စစ်ရာထူးခန့်ချုပ်ရုံး
### (ကြည်းတပ်ဌာနစု)

၁၃၈၁ ခုနှစ်၊ တန်ခူးလဆန်း ၇ ရက်
(၂၀၂၀ ပြည့်နှစ်၊ မတ်လ ၃၀ ရက်)

အမှတ် ၄၄/၂၀၂၀။ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၁၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၁၀၇) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့အစည်းအဝေးမှ သဘောတူခွင့်ပြုခဲ့ပြီး (၁၀၅) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီအစည်းအဝေးမှလည်း အတည်ပြုပြီးဖြစ်သော ပစ္စည်းဝယ်ယူမှု ညွှန်ကြားရေးမှူးရုံးမှ အောက်ပါလက်ထောက်မန်နေဂျာများအား အမည်နှင့်ယှဉ်တွဲဖော်ပြပါ ဌာနခွဲ/ဌာနစုများတွင် ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၃၀ ရက်နေ့မှ အစပြု၍ မန်နေဂျာအဖြစ် ခန့်အပ်လိုက်သည်-

| စဉ် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | အမည် | ဌာနခွဲ/ဌာနစု |
|---|---|---|---|
| ၁။ | ၁၂/မရက (နိုင်) ၀၀၄၀၀၇ | ဦးခင်ဇော်လတ် | အုပ်ချုပ်ရေးဌာနခွဲ၊<br>သုတေသနဌာနစု။ |
| ၂။ | ၁၂/ဒဂမ (နိုင်) ၀၀၂၅၆၈ | ဦးဇော်မင်းဦး | ဝယ်ယူရေးဌာနခွဲ(၂)၊<br>စစ်မက်/ကန့်သတ်ဌာနစု။ |

အမှတ် ၄၅/၂၀၂၀။ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၁၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၁၀၇) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၉ ရက်နေ့မှ အစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်-

လှမြင့် ကြည်း ၇၅၈၇၁

၁၃၈၁ ခုနှစ်၊ တန်ခူးလဆန်း ၈ ရက်
(၂၀၂၀ ပြည့်နှစ်၊ မတ်လ ၃၁ ရက်)

အမှတ် ၄၆/၂၀၂၀။ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၁၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၁၀၇) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၃၁ ရက်နေ့မှ အစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်-

မျိုးအောင် ကြည်း ၇၅၈၇၂

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီးလူအေး
စစ်ရာထူးခန့်ချုပ်
စစ်ရာထူးခန့်ချုပ်ရုံး

## အဆင့်မြင့်ပညာဦးစီးဌာန

၁၃၈၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်

(၂၀၂၀ ပြည့်နှစ်၊ မတ်လ ၁၀ ရက်)

အမှတ် ၀၂၁။ အဆင့်မြင့်ပညာဦးစီးဌာနအောက်ရှိ ပခုက္ကူပညာရေးကောလိပ်မှ နည်းပြ (စာပေ-အင်္ဂလိပ်စာ) ဒေါ်ခင်စန္ဒာလင်း၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) အား ပခုက္ကူပညာရေးကောလိပ်သို့ လက်ထောက်ကထိက (စာပေ-အင်္ဂလိပ်စာ)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အဖြစ် ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၁၀ ရက်နေ့ နံနက်ပိုင်းမှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

အမှတ် ၀၂၂။ အဆင့်မြင့်ပညာဦးစီးဌာနအောက်ရှိ ရန်ကင်းပညာရေးကောလိပ်မှ နည်းပြ (သင်ပြနည်း-ပထဝီဝင်) ဒေါ်ရတနာဦး၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) အား သင်္ဃန်းကျွန်းပညာရေးကောလိပ်သို့ လက်ထောက်ကထိက (သင်ပြနည်း-ပထဝီဝင်)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အဖြစ် ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၁၀ ရက်နေ့ နံနက်ပိုင်းမှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

အမှတ် ၀၂၃။ အဆင့်မြင့်ပညာဦးစီးဌာနအောက်ရှိ အောက်ဖော်ပြပါ ပညာရေးကောလိပ်များမှ နည်းပြ (ပညာရေး-စိတ်ပညာ)၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) များအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြပါ ပညာရေးကောလိပ်များသို့ လက်ထောက်ကထိက (ပညာရေး-စိတ်ပညာ)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) များအဖြစ် ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၁၀ ရက်နေ့ နံနက်ပိုင်းမှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | လက်ရှိ ပညာရေးကောလိပ် | တိုးမြှင့်ခန့်ထားသည့် ပညာရေးကောလိပ် |
|---|---|---|---|
| ၁။ | ဒေါ်စောမိုမိုအောင် | မန္တလေးပညာရေးကောလိပ် | စစ်ကိုင်းပညာရေးကောလိပ် |
| ၂။ | ဒေါ်အိမ့်မှူးပိုင် | ရန်ကင်းပညာရေးကောလိပ် | လှည်းကူးပညာရေးကောလိပ် |

အမှတ် ၀၂၄။ အဆင့်မြင့်ပညာဦးစီးဌာနအောက်ရှိ အောက်ဖော်ပြပါ ပညာရေးကောလိပ်များမှ နည်းပြ (ဖွံ့ဖြိုးရေး-ကာယ)၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) များအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြပါ ပညာရေးကောလိပ်များသို့ လက်ထောက်ကထိက (ဖွံ့ဖြိုးရေး-ကာယ)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) များအဖြစ် ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၁၀ ရက်နေ့ နံနက်ပိုင်းမှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | လက်ရှိ ပညာရေးကောလိပ် | တိုးမြှင့်ခန့်ထားသည့် ပညာရေးကောလိပ် |
|---|---|---|---|
| ၁။ | ဒေါ်သင်းသင်းဆွေ | စစ်ကိုင်းပညာရေးကောလိပ် | မြစ်ကြီးနားပညာရေးကောလိပ် |
| ၂။ | ဦးညီညီမင်းဟန် | ထားဝယ်ပညာရေးကောလိပ် | သင်္ဃန်းကျွန်းပညာရေးကောလိပ် |

အမှတ် ၀၂၅။ အဆင့်မြင့်ပညာဦးစီးဌာနအောက်ရှိ အောက်ဖော်ပြပါ ပညာရေးကောလိပ်များမှ နည်းပြ (စာပေ-သမိုင်း)၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) များအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြပါ ပညာရေးကောလိပ်များသို့ လက်ထောက်ကထိက (စာပေ-သမိုင်း)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) များအဖြစ် ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၁၀ ရက်နေ့ နံနက်ပိုင်းမှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | လက်ရှိ ပညာရေးကောလိပ် | တိုးမြှင့်ခန့်ထားသည့် ပညာရေးကောလိပ် |
|---|---|---|---|
| ၁။ | ဒေါ်နန်းလွင် | စစ်ကိုင်းပညာရေးကောလိပ် | ကသာပညာရေးကောလိပ် |
| ၂။ | ဒေါ်အေးအေးခိုင် | မန္တလေးပညာရေးကောလိပ် | လားရှိုးပညာရေးကောလိပ် |
| ၃။ | ဒေါ်သင်းသင်းခိုင် | လှိုင်ကော်ပညာရေးကောလိပ် | ပြည်မြို့ပညာရေးကောလိပ် |

ဒေါက်တာသိန်းဝင်း
ညွှန်ကြားရေးမှူးချုပ်
အဆင့်မြင့်ပညာဦးစီးဌာန

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

| ရန်ကုန်မြို့ | ၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၄ ရက်<br>( ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၇ ရက် ) | သောကြာနေ့ |
|---|---|---|

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

**LATITUDE TECHNOLOGY COMPANY LIMITED**

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ-၃၄၈ အရ

ကုမ္ပဏီတွင်ပါဝင်သူများက ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းခြင်း

(က) ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ (၄) ရက်နေ့တွင် ကုမ္ပဏီရုံးခန်းတွင် ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏ အထွေထွေအစည်းအဝေးမှ အောက်ပါအတိုင်း အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပြီးဖြစ်ပါသည်။

(၁) **(LATITUDE TECHNOLOGY COMPANY LIMITED)** အား (၄-၈-၂၀၂၀) ရက်နေ့မှစ၍ ကုမ္ပဏီတွင် ပါဝင်သူများ၏ ဆန္ဒအလျောက်ဖျက်သိမ်းရန် ဆုံးဖြတ်ကြပါသည်။

(၂) ကုမ္ပဏီသည် ကိစ္စရပ်များအား စာရင်းရှင်းလင်းဖျက်သိမ်းရန်နှင့် ကုမ္ပဏီ၏ ရရန်ပိုင်ခွင့်များအား ခွဲဝေပေးရန်အတွက် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများအဖြစ် ခန့်အပ်ကြပါသည်။

ဦးအီနုစ်
(တရားလွှတ်တော်ရှေ့နေ)
YE NOOS & ASSOCIATES (Law Firm)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

ဒေါ်မိုးမိုးအေး
B.Com, Dip I.F.R., Diploma in Business Law
တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ်-၁၇၆ (ပထမထပ်)၊
ဗိုလ်တထောင်ဘုရားလမ်း၊ မိဘာရိပ်မွန်အိမ်ရာ၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၁-၈၂၉၆၀၁၂၊ ၀၁-၈၃၉၇၂၃၄၊ ၀၁-၈၃၉၇၂၃၅။

(ခ) **(LATITUDE TECHNOLOGY COMPANY LIMITED)** မှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ (၄) ရက်နေ့ကို နောက်ဆုံးထား၍ အထက်ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးကျော်ထူး
မန်နေးဂျင်းဒါရိုက်တာ
LATITUDE TECHNOLOGY COMPANY LIMITED

In the Matter of the Myanmar Companies Act and

**Trainor Asia Limited (Myanmar Branch)**

Notice under Section 348

At an Extraordinary General Meeting of the Board of Directors of the Company held at **Trainor Asia Limited (Myanmar Branch),** #1503, 15th Floor, No. 339, Bogyoke Aung San Road, Sakura Tower, Kyauktada Township, Yangon, Myanmar on 1.8.2020, the following resolution were passed as Special Resolutions:-

Resolved:

(1) "that the Company be and is hereby decided to be wound-up voluntarily"

(2) "that Daw Tin Tin Nu (B.Sc., D.A., D.A.C) of Stuart Smith & Allan Company Limited, No. 33 (Ground Floor), Bahan 2nd Street, Myoma Quarter, Bahan Township, Yangon, be and is hereby appointed as liquidator of the Company for the purpose of such winding-up and be authorized to carry on the business of the Company to such extent and for such period as may be necessary for the beneficial winding-up thereof and be granted such other powers as may be deemed fit or proper".

Therefore, the creditors of the above- named Company are required to send their name, addresses and the particulars of their debts or claims and the names and addresses of their attorneys, if any, to the under-signed Liquidator in person as by their said debts or claims on or before 31.8.2020 as in default thereof they will be excluded from the settlement of such debts and claims.

Mr. Stephen Joseph Green
Managing Director
Trainor Asia Limited (Myanmar Branch)

Daw Tin Tin Nu
B.Sc., D.A., D.A.C
Liquidator

In the Matter of the Myanmar Companies Act and

**OMNIASIA COMPANY LIMITED**

(In Voluntary Liquidation)

Notice Under Section 357 (A)

Notice is hereby given that the Final General Meeting of the Contributories under Section 357 (A) No. 93/95, 9th Floor, Kyaw Anawyahta Tower, Corner of Anawyahta Road and Seik Kan Thar Street, Kyauktada Township, Yangon Region, Myanmar on (7.9.2020) at 9:00 am for the purpose of Laying before it on account of the winding-up.

DAW AYE THIDAR
LIQUIDATOR
NGWE INZALY AUDIT FIRM
Room 801, Tower B, 8th Floor, 50th Street
Condominium (AMPS), Between Maha Bandoola Road &
Merchant Road, Botahtaung Township, Yangon.

## Metrotelworks Telecommunications Private Limited

(In Liquidation)

According to section 357 of Myanmar Companies Law, the Final General Meeting of **"Metrotelworks Telecommunications Private Limited"** will be held at Level-8-A, UFC Tower, Corner of Mahabandoola and Theinphyu Road, Botahtaung Township, Yangon on 7th September, 2020 at 11:00 am for the purpose of

(1) to adopt the final liquidation accounts of the Company.

Daw Myat Myat Chit
Liquidator
Myat and Associates - Certified Public Accountants
Ph - 01 8610488, 09450022074

## Myanmar Yuan Dong Nan Yang Trading Co., Ltd

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ-၃၄၈ အရ
အစုရှင်များ ဆန္ဒအလျောက် ဖျက်သိမ်းရန်ကြေညာချက်

၁။ **Myanmar Yuan Dong Nan Yang Trading Co., Ltd** အစုရှင်များဖျက်သိမ်းရန် (၆. ၈. ၂၀၂၀) နေ့တွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးတွင် ကုမ္ပဏီ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဒေါ်ခိုင်စုအောင် [၁၂/ကမရ (နိုင်) ०၅၂၅၈၂] အား ခန့်အပ်ရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့် ရရန်ရှိသည်များကို (၇. ၉. ၂၀၂၀) နေ့ နောက်ဆုံးထား၍ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ဒေါ်ခိုင်စုအောင် ထံ အထောက်အထားဖြင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာအပ်ပါသည်။

Daw Nan Sain Paung
Managing Director
Myanmar Yuan Dong Nan Yang Trading Co., Ltd

Daw Khaing Su Aung
B.Com., CPA
Registered Accountant, Auditor
Financial Consultant
Liquidator
No.16, Yadanar Street, Ward No. (3),
Kamayut Township, Yangon.

## GOLDEN ALLIANCE CONSTRUCTION MATERIALS TECHNOLOGY COMPANY LIMITED

### ကုမ္ပဏီတရားဝင်ဖျက်သိမ်းခြင်း

၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁ ရက်နေ့တွင် ကျင်းပသော အစုရှယ်ယာရှင်များ၊ ဒါရိုက်တာများအားလုံး တက်ရောက်သည့် အထူးအစည်းအဝေး ဆုံးဖြတ်ချက်အရ **Golden Alliance Construction Materials Technology Company Limited** အား ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁ ရက်နေ့မှစ၍ စာရင်းရှင်းလင်း ဖျက်သိမ်းရာတွင် ဒေါ်ဆွေဇင်ဝင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၅/ဘတလ (နိုင်) ၀၆၄၁၃၆] B.Act, CPA (PA-1290) လက်မှတ်ရပြည်သူ့စာရင်းကိုင် (စာရင်းစစ်) အား တရားဝင် စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီနှင့်ပတ်သက်၍ ရရန်ရှိစာရင်းများ၊ ပေးရန်ရှိသူများအားလုံးသည် ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၇ ရက်နေ့ နောက်ဆုံးထား၍ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံနိုင်ကြောင်း ကြေညာအပ်ပါသည်။

LI ZHI MENG
MANAGING DIRECTOR
GOLDEN ALLIANCE CONSTRUCTION MATERIALS TECHNOLOGY COMPANY LIMITED

Daw Swe Zin Win
B.Act, CPA (PA-1290)
Certified Public Accountant & Auditor

## အပြည်ပြည်ဆိုင်ရာ အာရှညီအစ်ကိုများ (မြန်မာ) ကုမ္ပဏီလီမိတက်
## [Asia Brothers International (Myanmar) Company Limited]

### မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ

### အပြီးသတ်စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ ၃၅၇ (က) အရ ဖျက်သိမ်းဆဲ **အပြည်ပြည်ဆိုင်ရာ အာရှညီအစ်ကိုများ (မြန်မာ) ကုမ္ပဏီလီမိတက် [Asia Brothers International (Myanmar) Company Limited]** ၏ အပြီးသတ် စာရင်းရှင်းလင်းဖျက်သိမ်းရန်အတွက် နောက်ဆုံးအရပ်ရပ်အထွေထွေ အစည်းအဝေးကြီးအား အမှတ် (၆၃၅-အေ-၁)၊ အခန်းအမှတ် (အေ-၃)၊ ရိုးမရိပ်သာ၊ (၂) ရပ်ကွက်၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် (၅. ၉. ၂၀၂၀) နေ့ နေ့လယ် (၁း၀၀) နာရီ၌ ကျင်းပမည်ဖြစ်သောကြောင့် အစည်းအဝေးတွင် ကုမ္ပဏီအစုရှယ်ယာရှင်များ၏ သဘောတူညီချက်ကို ရယူရန်ရှိသဖြင့် အစုရှင်အားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ဒေါ်တင်ဝင်းယု
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖမ်မက်ကုမ္ပဏီလီမိတက်
အမှတ် (၆၃၅-အေ-၁)၊ အခန်းအမှတ် (အေ-၃)၊ (ဘီ-၃)၊ ရိုးမရိပ်သာ၊
(၂) ရပ်ကွက်၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၀၉ ၇၉၂၂၃၃၁၅၉၊ ၀၁၂၃၀၄၃၄၉

## **Finmax Company Limited**

ဖျက်သိမ်းရန်ကြော်ငြာချက်

၁။ **Finmax Company Limited** ကို အစုရှင်များဆန္ဒအလျောက်ဖျက်သိမ်းရန် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ (၃၀) ရက်နေ့က ကုမ္ပဏီရုံးခန်းတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအရပ်ရပ် အစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ၎င်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တိုက်အမှတ် (၂၉၅)၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးဇင်ဝေ (၂၁၀) လက်မှတ်ရပြည်သူ့စာရင်းကိုင်အား ခန့်အပ်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့် ရရန်ရှိသည်များကို တစ်လအတွင်း ဦးဇင်ဝေ (၂၁၀) လက်မှတ်ရ ပြည်သူ့စာရင်းကိုင်နှင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

U Yan Naing Oo
Managing Director
Finmax Company Limited

ဦးဇင်ဝေ
B.Com (AA), CPA (210)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## **မြန်မာ ဖရေးဂရန့် ဒဲဗလုပ်မင့် ကုမ္ပဏီလီမိတက်**

ဖျက်သိမ်းရန်ကြေညာချက်

၁။ **မြန်မာ ဖရေးဂရန့် ဒဲဗလုပ်မင့် ကုမ္ပဏီလီမိတက်** ကို အစုရှင်များ၏ဆန္ဒအလျောက်ဖျက်သိမ်းရန် (၅. ၈. ၂၀၂၀) နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးဇော်လွင် [နိုင်ငံသားစိစစ်ရေးအမှတ် - ၅/ရဉန (နိုင်) ၀၅၅၂၈၇] အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့် ရရန်ရှိသည်များကို (၄. ၉. ၂၀၂၀) နေ့ နောက်ဆုံးထား၍ ဦးဇော်လွင် (စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ) ထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာအပ်ပါသည်။

ဒေါ်နီနီ
အုပ်ချုပ်မှုဒါရိုက်တာ
မြန်မာ ဖရေးဂရန့် ဒဲဗလုပ်မင့် ကုမ္ပဏီလီမိတက်

ဦးဇော်လွင်
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ် (၁၁၃/၁၂၃)၊ အခန်း-၈/စီ၊ (၇) လွှာ၊
Sea Green Tower
မဟာဗန္ဓုလလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထောင့်၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**Greentek Myanmar Company Limited**

မိမိ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန် ကြေညာခြင်း

၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ (၁၅) ရက်နေ့၌ ကုမ္ပဏီရုံးခန်းတွင် ကျင်းပပြုလုပ်သော သာမန်ထက်ထူးကဲသည့် အစည်းအဝေးမှ အထူးဆုံးဖြတ်ချက်အရ **Greentek Myanmar Company Limited** အား (၁၅. ၇. ၂၀၂၀) ရက်နေ့မှစ၍ မိမိ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်စောမြတ်မွန် (B.Com, CPA) လက်မှတ်ရပြည်သူ့စာရင်းကိုင်အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

သို့ဖြစ်ပါ၍ ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ (၁၅) ရက်နေ့ နောက်ဆုံးထား၍ အောက်ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများကို ဆက်သွယ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

Mr. Seok Hwan Park
Managing Director
Greentek Myanmar Company Limited

ဒေါ်စောမြတ်မွန်
B.Com, C.P.A
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
Greentek Myanmar Company Limited (ဖျက်သိမ်းဆဲ)
Ph: 09406773711, 09420120744

**ထက်စံ ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်**

**(Htet San Trading Company Limited)**

အစုရှင်များဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ (၅) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထွေထွေအစည်းအဝေး ဆုံးဖြတ်ချက်အရ **ထက်စံ ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက် (Htet San Trading Company Limited)** အား (၅. ၈. ၂၀၂၀) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်နွဲ့ယဉ်ဝင်း (B.Com, CPA) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို တစ်လအတွင်း ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးတင်ဝင်း
ဒါရိုက်တာ
Htet San Trading Company Limited

ဒေါ်နွဲ့ယဉ်ဝင်း
B.Com, CPA
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## REETECH (MYANMAR) COMPANY LIMITED

ဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍

နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၃၅၇ (က) အရ ဖျက်သိမ်းဆဲ **REETECH (MYANMAR) COMPANY LIMITED** ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါ၍ အစုရှင်များ၏ သဘောတူညီချက်ကို ရရှိရန်ရှိသဖြင့် အစုရှင်အားလုံး တက်ရောက်ကြရန် ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| အစည်းအဝေးကျင်းပမည့်နေ့ | - | ၇-၉-၂၀၂၀ |
| အစည်းအဝေးကျင်းပမည့်အချိန် | - | (၉း၃၀) နာရီ |
| အစည်းအဝေးကျင်းပမည့်နေရာ | - | တာဝါ (ဘီ)၊ အခန်း (၈၀၁)၊ (၈) လွှာ၊ လမ်း (၅၀) ကွန်ဒို၊ မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်းကြား၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ |

ဒေါ်အေးသီတာ

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## AMARAPURA TRAVEL & TOURS COMPANY LIMITED

ဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍

နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၃၅၇ (က) အရ ဖျက်သိမ်းဆဲ **AMARAPURA TRAVEL & TOURS COMPANY LIMITED** ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပမည် ဖြစ်ပါ၍ အစုရှင်များ၏ သဘောတူညီချက်ကို ရရှိရန်ရှိသဖြင့် အစုရှင်အားလုံး တက်ရောက်ကြရန် ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| အစည်းအဝေးကျင်းပမည့်နေ့ | - | ၇-၉-၂၀၂၀ |
| အစည်းအဝေးကျင်းပမည့်အချိန် | - | (၉း၃၀) နာရီ |
| အစည်းအဝေးကျင်းပမည့်နေရာ | - | တာဝါ (ဘီ)၊ အခန်း (၈၀၁)၊ (၈) လွှာ၊ လမ်း (၅၀) ကွန်ဒို၊ မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်းကြား၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ |

ဒေါ်အေးသီတာ

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## PUN AND THANT COMPANY LIMITED

နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

ဤကုမ္ပဏီ၏ စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးသို့ တင်ပြအတည်ပြုချက်ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပပြုလုပ်မည့် အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားပါကြောင်း ကြေညာအပ်ပါသည်။

အစည်းအဝေးကျင်းပမည့်ရက် ။ ။ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ (၄) ရက်

အစည်းအဝေးကျင်းပမည့်အချိန် ။ ။ နံနက် (၁၀း၀၀) နာရီ

အစည်းအဝေးကျင်းပမည့်နေရာ ။ ။ ကုမ္ပဏီရုံးခန်း။

ဦးရဲမြတ်သူ (ခ) ရဲသီဟသန့်
အုပ်ချုပ်မှုဒါရိုက်တာ
PUN AND THANT COMPANY LIMITED

ဒေါ်ချောစုလှိုင်
တရားလွှတ်တော်ရှေ့နေ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## HEXAGON SYSTEM COMPANY LIMITED

နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

ဤကုမ္ပဏီ၏ စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးသို့ တင်ပြအတည်ပြုချက်ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပပြုလုပ်မည့် အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားပါကြောင်း ကြေညာအပ်ပါသည်။

အစည်းအဝေးကျင်းပမည့်ရက် ။ ။ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ (၄) ရက်

အစည်းအဝေးကျင်းပမည့်အချိန် ။ ။ နံနက် (၁၀း၀၀) နာရီ

အစည်းအဝေးကျင်းပမည့်နေရာ ။ ။ ကုမ္ပဏီရုံးခန်း။

ဦးထွန်းထွန်း
ဒါရိုက်တာ
HEXAGON SYSTEM COMPANY LIMITED

ဒေါ်ချောစုလှိုင်
တရားလွှတ်တော်ရှေ့နေ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

ပ၊ ထ၊ န - အမှတ် ၅၄၇/၁၉/ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန/စောင်ရေ - ၂၀၃၀/၇-၈-၂၀၂၀။